ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 3 May 2022 ၁၀၇၂၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေး

## အာဆီယံနိုင်ငံများအတွင်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် မေ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နှင့် ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် သံဃာတော်များနှင့် ဆရာ ဆရာမများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စသည့် ပြည်သူ့ဝန်ထမ်းများ၊ မိခင်နှင့်ကလေးငယ်များ အပါအဝင် အပြစ်မဲ့ပြည်သူများသေဆုံးခဲ့ရပြီး အများအပြားဒဏ်ရာရရှိခဲ့မှု၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းများကြောင့် အစိုးရပိုင်အဆောက်အဦများ၊ ပုဂ္ဂလိကနှင့် ပြည်သူပိုင်အဆောက်အဦများစွာ ပျက်စီးဆုံးရှုံးခဲ့ရမှု၊ အကြမ်းဖက်လုပ်ရပ်များအပေါ် မိမိကိုယ်ကိုခုခံပိုင်ခွင့်အရ ကာကွယ်တုံ့ပြန်ရေးဆောင်ရွက်ရာတွင် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အပစ်အခတ်ရပ်စဲရေး ကြေညာချက်အပေါ် လေးစားလိုက်နာဆောင်ရွက်လျက်ရှိမှု၊ တည်ဆဲဥပဒေချိုးဖောက်ထားသူများကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း လူသားချင်းစာနာထောက်ထားမှုအရ လွတ်ငြိမ်းချမ်းသာခွင့်များပေးလျက်ရှိမှု၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အပစ်အခတ်ရပ်စဲရေး ကြေညာထားပြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

**ယနေ့ ဖတ်စရာ**

**ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ အကြောင်း သိကောင်းစရာ**

စာမျက်နှာ » ၈



**ပဲခူး- သထုံ- မော်လမြိုင်-ဘားအံ အဝေးပြေးလမ်းမကြီး လေးလမ်းသွားအဆင့်မြှင့်တင်မှု ရာနှုန်းပြည့် ပြီးစီး**

စာမျက်နှာ » ၁၇



**လူငယ်နှင့် ဘဝအောင်မြင်ရေး**

စာမျက်နှာ » ၂၀၊ ၂၁

ကြေးမုံ

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကုန်သွယ်မှုကိုထိန်းသိမ်းမြှင့်တင်

နိုင်ငံတစ်နိုင်ငံတွင်လည်းကောင်း၊ မိသားစုတစ်စုတွင်လည်းကောင်း ဝင်ငွေနှင့် ထွက်ငွေကို ချင့်ချိန်တွက်ချက် ဆောင်ရွက်ကြသည်။ နိုင်ငံတစ်နိုင်ငံတွင် ပို့ကုန်ထက် သွင်းကုန်များနေပါက ဘတ်ဂျက်လိုငွေပြပြီး စီးပွားရေးကျဆင်းမည်ဖြစ်သည်။ သွင်းကုန်ထက် ပို့ကုန်မြင့်မားတိုးတက်ပါက နိုင်ငံ့စီးပွားတိုးတက်ပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။

နိုင်ငံ့စီးပွားရေးအခြေအနေကို ပြည်ပကုန်သွယ်မှုဖြင့် ခန့်မှန်းသုံးသပ်နိုင်သည်။ မြန်မာနိုင်ငံတွင် ပြည်ပထုတ်ကုန်များကို အဓိကအားထား အသုံးပြုနေကြသဖြင့် သွင်းကုန်များအား နှစ်စဉ်တိုးတက်တင်သွင်းလာခဲ့သည်။ အသေးအဖွဲလူသုံးကုန် ပစ္စည်းမှအစ ပြည်ပမှတင်သွင်းနေရသဖြင့် နှစ်စဉ်ကုန်သွယ်မှုလိုငွေပြခဲ့သည်။ သို့သော် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(အောက်တိုဘာလမှ မတ်လအထိ)တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု (ယာယီစာရင်းအရ) ကုန်သွယ်မှုပိုငွေပြခဲ့သည်။

မြန်မာနိုင်ငံ၏ (ယာယီစာရင်းအရ) ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၂၇၉ သန်းရှိပြီး ပြည်ပသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၉၅၅ သန်း ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ ပြည်ပမှသွင်းကုန်တန်ဖိုးထက် ပိုများသဖြင့် ကုန်သွယ်မှုပိုငွေရခဲ့သည်။ ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လအထိ) ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိကန် ဒေါ်လာ ၉၈ သန်းကျော်နှင့် သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၁၆၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက်၌ ပင်လယ်ရေကြောင်း ကုန်သွယ်မှုတွင် လယ်ယာထွက်ကုန် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲမျိုးစုံ၊ ရေထွက်ပစ္စည်း ငါး၊ ပုစွန်နှင့် အခြားရေထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်း (အသင့်ချုပ်ပြီးအထည်)တို့ကို ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ပင်လယ်ရေကြောင်း ပို့ကုန် တန်ဖိုးမှာ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၁၆၀၀ ကျော် ပိုမို ရရှိခဲ့သည်။ နယ်စပ်ကုန်သွယ်မှုတွင် မြန်မာ - တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်ပြီး တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်မှုမျှတစေရေး ဆောင်ရွက်နေသည့် ကာလတွင် ပို့ကုန်လျော့နည်းမှုကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကာမိစေ ခဲ့သည်။

ယခုနှစ် မီနီဘတ်ဂျက်ကာလတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ် ရေးမှ စုစုပေါင်းပို့ကုန်တင်ပို့မှုသည် ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။ ပြည်ပသွင်းကုန်ကဏ္ဍတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အတွင်း နိုင်ငံတော်၏ နိုင်ငံခြားငွေလိုအပ်ချက်ကို လျှော့ချနိုင်ရန်အတွက် အရေးကြီး ကုန်စည်မဟုတ်သည့် မော်တော်ယာဉ်ကဲ့သို့ ကုန်ပစ္စည်းများ တင်သွင်းမှုကို စိစစ် ကန့်သတ်နိုင်ခဲ့သည်။ ပြည်ပမှတင်သွင်းသည့် စားအုန်းဆီကို ပြည်တွင်းဈေးကွက်၏ စားသုံးမှုလိုအပ်ချက်နှင့်အညီ စိစစ်တင်သွင်းမှု ပြုလုပ်ခဲ့သောကြောင့် ယခင်နှစ်များ ကထက် စားအုန်းဆီတန်ချိန် လျှော့ချတင်သွင်းနိုင်ခဲ့သည်။ ထို့အပြင် ပြည်တွင်း၌ အစားထိုးကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်ပြီး ပြည်ပမှ တင်သွင်းမှုများကို စိစစ် လျှော့ချနိုင်ခဲ့သည်။

ပြည်ပသွင်းကုန်များကို လျှော့ချဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက် လျက်ရှိရာတွင် ပြည်တွင်း၌ မရှိမဖြစ် နေ့စဉ်လိုအပ်ချက်ဖြစ်သည့် စက်သုံးဆီ၊ စားအုန်းဆီတင်သွင်းမှုကို ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဆောင်ရွက်ခဲ့သည်။ ပြည်တွင်း၌ စက်သုံးဆီ၊ စားသုံးဆီဈေးနှုန်းမြင့်မားနေခြင်းသည် ကမ္ဘာ့စီးပွားရေး ဂယက်ရိုက်ခတ်မှုကြောင့် ပေါက်ဈေးနှုန်းမြင့်မားနေခြင်းဖြစ်သည်။ သို့သော် ပြည်ပမှ စက်သုံးဆီ၊ စားသုံးဆီ စုစုပေါင်းသွင်းကုန်မှာ ကာလတူထက် အမေရိကန် ဒေါ်လာ ၁၆၄ သန်း ပိုမိုခဲ့သော်လည်း မူလလျာထားချက်၏ ၁၀ ရာခိုင်နှုန်း လျှော့ချဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက်တွင် စီမံကိန်းဥပဒေပါ ပို့ကုန်လျာထား ချက် အမေရိကန်ဒေါ်လာ သန်း ၈၂၀၀ ၏ ၁၀၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ သွင်းကုန်လျာထားချက် အမေရိကန်ဒေါ်လာ သန်း ၈၈၀၀ ၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက် နိုင်ခဲ့ရာ ကုန်သွယ်မှုပမာဏလျာထားချက် အမေရိကန်ဒေါ်လာ သန်း ၁၇၀၀၀ ၏ ၉၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အခြေအနေမှာ ယခုဘတ်ဂျက်ကာလတွင် အခြေအနေကောင်းတစ်ခုသို့ ရောက်ရှိ လာခဲ့ပြီဖြစ်သည်။ ဆက်လက်၍လည်း ပိုမိုကောင်းမွန်သော အခြေအနေကို ဆောင်ကြဉ်းနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပသွင်းကုန်များကိုလျှော့ချပြီး ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန်အတွက် သွင်းကုန်များကို ချင့်ချိန်သုံးစွဲကာ သွင်းကုန် အစားထိုး ပြည်တွင်းထုတ်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်အောင် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ကျင်းပ

နေပြည်တော် မေ ၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ဓမ္မာစရိယ စာမေးပွဲကို ယနေ့ (ဒုတိယနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၄၆၁၃ ပါးအနက် ၁၁၃၅၉ ပါး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၇၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေး ဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် မေ ၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စိန်ရာဇာသာသနာလင်္ကာရကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ သတိပဋ္ဌာန်ကျောင်းသစ်ကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနဝံမဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ သတ္တာမမေဒ္ဓနီစာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မင်္ဂလာသိဒ္ဓိကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၈၀၀ | ၃,၀၃၃ | ၂၂,၈၁၁,၅၀၀ |
| MTSH | ၂,၆၀၀ | ၂,၆၅၀ | ၂,၄၉၅ | ၆,၅၀၄,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၄၆.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၉၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၇၇၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၉၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၁၉၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၀၆.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၄.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၂.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၅.၉၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

တည်ဆဲဥပဒေချိုးဖောက်ထားသူများကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း လူသားချင်းစာနာထောက်ထားမှုအရ လွတ်ငြိမ်းချမ်းသာခွင့်များပေးလျက်ရှိမှု၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အပစ်အခတ်ရပ်စဲရေး ကြေညာထားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ဖိတ်ခေါ်၍ အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသအချို့တွင် ဖြစ်ပွားနေသည့် အကြမ်းဖက်မှုဖြစ်ရပ်များသည် NCA ကိုချိုးဖောက်လျက်ရှိပြီး ကျင့်ဝတ်များကိုလိုက်နာမှုမရှိသည့် EAOများမှ အရင်းခံ၍ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တိုင်းရင်းသားလက်နက်ကိုင်များ ပါဝင်လာရေး အစိုးရမှ တစိုက်မတ်မတ် ကတိကဝတ် ထားရှိဆောင်ရွက်နေမှု၊ ပြည်သူများအားလုံး လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေးကို ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းရှင်းနှီးနှီးဆွေးနွေး

✪ ရှေ့ဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ဖိတ်ခေါ်၍ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများဆောင်ရွက်လျက်ရှိမှု၊ **ဒေသအချို့တွင် ဖြစ်ပွားနေသည့် အကြမ်းဖက်မှုဖြစ်ရပ်များသည် NCA ကိုချိုးဖောက်လျက်ရှိပြီး ကျင့်ဝတ်များကိုလိုက်နာမှုမရှိသည့် EAO များမှ အရင်းခံ၍ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေ၊** ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တိုင်းရင်းသားလက်နက်ကိုင်များ ပါဝင်လာရေး အစိုးရမှ တစိုက်မတ်မတ် ကတိကဝတ်ထားရှိဆောင်ရွက်နေမှု၊ ပြည်သူများအားလုံး လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေးကို ဆောင်ရွက်သွားမည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ အာဆီယံမှပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဖြန့်ဝေဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်မြန်မာနိုင်ငံသို့ထပ်မံလာရောက်နိုင်ရေး ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ ရွေးကောက်ပွဲဆိုင်ရာပြဿနာများကြောင့် ဖြစ်ပေါ်လာသည့် မြန်မာနိုင်ငံ၌ နိုင်ငံရေးအရအရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော်က နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ရမှုသည် ပြည်တွင်းရေးအခြေအနေဖြစ်သော်လည်း ဆက်စပ်နေသည့် ဒေသတွင်းအခြေအနေများကြောင့် အာဆီယံ၏ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ အာဆီယံဘုံသဘောတူညီချက်(၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေနှင့် တိုးတက်မှုရှိစေရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ အာဆီယံနိုင်ငံများအတွင်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေနှင့် မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးဖြစ်အောင် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းရှင်းနှီးနှီးဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘုတ်ပြင်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် တပ်မတော်သားများအနေဖြင့် သတ်မှတ်ထားသော အမိန့်နှင့် စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းသည် အန္တရာယ်ကင်းဘေးရှင်း၍ လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ နေရာနှင့် လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်များရှိပြီးဖြစ်သဖြင့် လေ့လာ၍ ပိုမိုကောင်းမွန်အောင် ကြံဆလုပ်ဆောင်ရန်လိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ဦးတည်ဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့် အစိတ်အပိုင်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရည်မှန်းချက်တာဝန်များကို သိရှိနားလည်သဘောပေါက်၍ မိမိတို့ထမ်းဆောင်ရသည့် ကျရာတာဝန်များအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်သားများအနေဖြင့် စွန့်လွှတ်စွန့်စားအနစ်နာခံမှုဖြင့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို သစ္စာရှိဝန်ထမ်းများ၊ ပြည်သူများနှင့် တွဲဖက်ကာ အဓိကကျသော အခန်းကဏ္ဍမှ အခက်အခဲများစွာကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ပရဟိတ၊ လူမှုကူညီရေးအသင်းအဖွဲ့များကလည်း အားတက်သရော ပူးပေါင်း၍ ရောဂါကူးစက်သူများအတွက် ပြုစုရေးနှင့် စောင့်ရှောက်မှုလုပ်ငန်းများအပါအဝင် အခြားသော လူမှုရေးလုပ်ငန်းများတွင် ရှေ့တန်းကျကျ သက်ဆိုင်ရာဌာနအသီးသီးနှင့် ပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုတွင် တစ်နိုင်ငံလုံး ပျံ့နှံ့ဆောင်ရွက်နိုင်ရေးအတွက်လည်း ကာယအား၊ ဉာဏအားဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့သို့ ပူးပေါင်းပါဝင်မှုကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြစ်သည့် အသက် ၁၈ နှစ်အထက် အားလုံးကို ၂၀၂၂ ခုနှစ် ဧပြီ ၃၀ ရက်အပြီး ကာကွယ်ဆေးထိုးနှံပြီးစီးရန် ရည်မှန်းချက်အား ရာနှုန်းပြည့်နီးပါး အကောင်အထည်ဖော်ရန် များစွာ အထောက်အကူပြုခဲ့ကြောင်း။

**စနစ်တကျဖြင့် စီမံခန့်ခွဲ**

တပ်မတော်သားများသည် ၂၄ နာရီ တာဝန်ရှိသူများဖြစ်၍ တိုင်းပြည်တွင် ကျရောက်လာသည့် အဖျက်အမှောင့်နှင့် ဘေးအန္တရာယ်အမျိုးမျိုးကို ကာကွယ်နေသကဲ့သို့ တစ်ဖက်မှလည်း စားရေရိက္ခာပေါများရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တပ်ရင်း၊ တပ်ဖွဲ့အလိုက်၊ တပ်နယ်အလိုက် ဆောင်ရွက်ကာ တပ်မိသားစုသာမက သက်ဆိုင်ရာနယ်မြေအပေါ် အထောက်အပံ့ဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၊ နိုင်ငံသား၊ တပ်မတော်အတွက် အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုသစ္စာကို နေ့စဉ်ရွတ်ဆိုနေသူများဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်မှပေးအပ်သည့် နေထိုင်စားသောက်မှုမှအစ ပညာရေး၊ ကျန်းမာရေးအဆုံး အကျိုးကျေးဇူးများအတွက် ကျေးဇူးတရားနှင့်သစ္စာကို ပြန်လည်စောင့်သိကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် စားရေး၊ ဝတ်ရေး၊ နေရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေးအထိ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ စစ်သည်မိသားစုများ အဆင်ပြေချောမွေ့စေရေး တာဝန်ရှိသူများက စနစ်တကျဖြင့် စီမံခန့်ခွဲပေးရန် လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် တာဝန်ထမ်းဆောင်သူများ ကြောင့်ကြမှုကင်းစွာ တာဝန်ထမ်းဆောင်နိုင်ရေး ၎င်းတို့၏ မိသားစုများဘဝ လုံခြုံမှုရှိအောင် အမိအဘစိတ်ဓာတ်ဖြင့် စောင့်ရှောက်သွားရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် တပ်တွင်းစည်းလုံးညီညွတ်မှုကို ခိုင်မာအောင် ဆက်လက်တည်ဆောက်သွားရန် လိုကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုရှိသော အထက်အောက်ဆက်ဆံရေးရှိရန်လိုအပ်ပြီး **စာမျက်နှာ ၄ သို့ ✳**

- **နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဦးတည်ဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့် အစိတ်အပိုင်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**
- **တပ်မတော်သားများသည် ၂၄ နာရီ တာဝန်ရှိသူများဖြစ်၍ တိုင်းပြည်တွင် ကျရောက်လာသည့် အဖျက်အမှောင့်နှင့် ဘေးအန္တရာယ်အမျိုးမျိုးကို ကာကွယ်နေသကဲ့သို့ တစ်ဖက်မှလည်း စားရေရိက္ခာပေါများရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တပ်ရင်း၊ တပ်ဖွဲ့အလိုက်၊ တပ်နယ်အလိုက်ဆောင်ရွက်ကာ တပ်မိသားစုသာမက သက်ဆိုင်ရာနယ်မြေအပေါ် အထောက်အပံ့ဖြစ်အောင် ဆောင်ရွက်လျက်ရှိ**

* စာမျက်နှာ ၃ မှ
မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

**ဂုဏ်ယူအားထား**

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်၍ နိုင်ငံ၏အကျိုးစီးပွားနှင့် ပတ်သက်လာပါက ပေးအပ်သောတာဝန်ကို လေ့ကျင့်သင်ကြားပေးထားသည့် စစ်ပညာများကို အသုံးချကာ ရဲရဲဝံ့ဝံ့အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘိုးဘေးဘီဘင်များ အနှစ်နှစ်အလလထူထောင် တည်ဆောက်ခဲ့ရသော နိုင်ငံတော်ကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲနေရန် မိမိတို့နှင့်သက်ဆိုင်သည့် လုံခြုံရေးဆိုင်ရာ အသိသတိများဖြင့် မဆုတ်မနစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည်က အားထားရသော၊ ပြည်သူက အားကိုးရသော၊ တပ်မတော်က ဂုဏ်ယူအားထားရသော စစ်သည်တော်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထိုသို့ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်နှင့် မိမိ၏မိသားစုကို စောင့်ရှောက်နိုင်ရန်အတွက် ကျန်းမာကြံ့ခိုင်မှုသည် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် ကျန်းမာရန်လိုအပ်သကဲ့သို့ မိသားစုဝင်အားလုံး ကျန်းမာနေမှသာ ပျော်ရွှင်သောမိသားစုဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပြီး လုပ်ငန်းတာဝန်အပေါ် စိတ်လက်ချမ်းသာစွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ချမှတ်ထားသည့် ကြံ့ခိုင်ရေးလမ်းညွှန်ချက်များ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို ကိုယ်စီလိုက်နာစောင့်ထိန်း၍ ကျန်းမာသောဘဝနေထိုင်စားသောက်မှုပုံစံဖြစ်အောင် ကျင့်ကြံသွားရန်လိုကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

**လက်ခံရယူ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြည်သူများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များအား ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့ရှိ နယ်မြေခံတပ်သို့သွားရောက်၍ ဥစားကြက်၊ အသားတိုးကြက်၊ DYLဝက်နှင့် နို့စားနွားမွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခမောက်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘုတ်ပြင်းတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြည်သူများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှု

## ဆီအုန်းစိုက်ပျိုးရာတွင် မျိုးရွေးချယ်မှု၌ မျိုးကွဲများစွာအသုံးပြုခြင်းထက် အရည်အသွေးမြင့်မားသော မျိုးသန့်ကိုသာ ရွေးချယ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ရိပ်သာဧည့်ခန်းမဆောင်၌ စက်ရုံစီမံကိန်းဒါရိုက်တာ ဦးမောင်မောင်လတ်က ရှင်းလင်းတင်ပြစဉ်။

နေပြည်တော် မေ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန် ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ သွားရောက် ကြည့်ရှုသည်။

### ကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင် များသည် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေး စီမံကိန်းသို့ ရောက်ရှိကြပြီး ခင်းကျင်းပြသ ထားသည့် ဆီအုန်းများ ကြိတ်ခွဲထားရှိမှု အဆင့်ဆင့်အား ကြည့်ရှုကြသည်။

ထို့နောက် ရိပ်သာဧည့်ခန်းမ ဆောင်၌ စက်ရုံစီမံကိန်းဒါရိုက်တာ ဦးမောင်မောင်လတ်က စက်ရုံစီမံကိန်း၊ လျာထားချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဆီအုန်းစိုက်ပျိုး ထုတ်လုပ်နေမှု စသည်တို့ကို ရှင်းလင်း တင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး ဆီအုန်းစိုက်ပျိုးရာတွင် မျိုးရွေးချယ်မှု၌ မျိုးကွဲများစွာအသုံး ပြုခြင်းထက် အရည်အသွေးမြင့်မားသော မျိုးသန့်ကိုသာ ရွေးချယ်ဆောင်ရွက်သင့် သည့် အခြေအနေများ၊ မျိုးရွေးချယ်မှုတွင် ဒေသ ရေ၊ မြေနှင့် ကိုက်ညီမှုတို့ကို ဦးစားပေးရွေးချယ်သင့်သည့် အခြေအနေ များ၊ စိုက်ပျိုးမှုမြင့်မားလာသည်နှင့်အမျှ SME အဆင့် တစ်နိုင်တစ်ပိုင် ဆီအုန်း စက်ရုံငယ်များ ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသ ဖွံ့ဖြိုးမှုတိုးတက်လာမည့်အခြေအနေများ၊ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးကို ဆီအုန်း စိုက်ပျိုး၍ နိုင်ငံတော်၏ ဆီအိုးကြီး ဖြစ်အောင် ဆောင်ရွက်နိုင်မည့်အခြေအနေ များ၊ ဒေသတွင်းဆီချောထုတ်လုပ်နိုင်ခြင်း ဖြင့် တိုင်းဒေသကြီးအတွင်း ဆီဖူလုံမှုရှိနိုင် မည်ဖြစ်၍ လိုအပ်သော အခြေခံအဆောက် အဦများ ဆောက်ရွက်နိုင်မည့် အခြေအနေ များအား ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်း၌ ခင်းကျင်းပြသထားသည့် ဆီအုန်းများ ကြိတ်ခွဲထားရှိမှု အဆင့်ဆင့်အား ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တောင်ဒဂုံ ဆီအုန်းဆီကြမ်းစက်ရုံအတွင်း ဆီသီးအလေးချိန် ချိန်တွယ်ခြင်း၊ ဆီသီး အရည်အသွေး စစ်ဆေးခြင်း၊ ဆီသီးပေါင်း ခံခြင်း၊ ဆီသီးကြိတ်ခွဲခြင်း၊ ဆီကြမ်း (C.P.O) ထုတ်လုပ်ခြင်း စသည့် ဆီကြမ်း ထုပ်လုပ်ပုံ အဆင့်ဆင့်တို့အား လိုက်လံ ကြည့်ရှုရာ စက်ရုံစီမံကိန်းဒါရိုက်တာက လိုက်လံရှင်းလင်းပြသသည်။

### အကောင်အထည်ဖော်ဆောင်ရွက်

အဆိုပါ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေး စီမံကိန်းသည် ၁၉၉၅ ခုနှစ် မေလ ၁၅ ရက်နေ့မှစ၍ စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီ တင်သွင်းမှုလျှော့ချနိုင်ရေး၊ ဒေသတွင်း၌ အလုပ်အကိုင်အခွင့်လမ်းများ ဖန်တီး ပေးနိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေး စနစ် ထူထောင်ရေး စသည့် ရည်ရွယ်ချက် များဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ခမောက်ကြီးမြို့ရှိ ရပ်မိရပ်ဖများ၊ ဌာန ဆိုင်ရာများအား တပ်နယ်ရိပ်သာဧည့်ခန်းမ ဆောင်၌ တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားပြီး တင်ပြချက် များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာ ကြသည့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဘုတ်ပြင်းနှင့် ကျွန်းစု မြို့နယ်တို့ရှိ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက် ပြီး ဆွေးနွေးညှိနှိုင်းဖြည့်ဆည်းမှုများ ဆောင်ရွက်ခဲ့ပြီး ဒုတိယဝန်ကြီးများ အနေဖြင့်လည်း ၎င်းတို့ ဝန်ကြီးဌာန အောက်ရှိ သက်ဆိုင်ရာဌာနအသီးသီးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံ ကာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ နှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခမောက်ကြီးမြို့ရှိ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ပြည်ထောင်စုဝန်ကြီး တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၃၂ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

### ပြည်ထောင်စုဝန်ကြီး တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးအား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၃၃ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

### ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအား အောက်ပါပြည်ထောင်စုဝန်ကြီးဌာနများအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(၂) စွမ်းအင်ဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၃၄ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

### ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသောင်းဟန်အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးပြီး စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ကို ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၃၅ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၃၆ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

### စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တာဝန်ကို ပူးတွဲတာဝန်ပေးအပ်ထားသည့် ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင်အား စစ်ဘက် မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းနှင့် ရဲချုပ်တာဝန် ပူးတွဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၃၇ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းနှင့် ရဲချုပ်တာဝန် ပူးတွဲတာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ဇင်မင်းထက်အား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ပြီး ရဲချုပ်တာဝန်ကို ပူးတွဲတာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့်လုပ်ငန်းများတွင် လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၈ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထွန်းအုံ အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၉ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါက်တာ မိုးဇော်ထွန်း | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) | ဦးမင်းသူ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ အောင်ဇေယျ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၄) | ဦးသန့်စင် | စွမ်းအင်ဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

**မြန်မာ့ပင်လယ်ပြင်**
နေပြည်တော် မေ ၂

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ တည်ဆောက်မည့်မြေနေရာသို့ ကြည့်ရှုစစ်ဆေး

တောင်ကြီး မေ ၂

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အကွက်အမှတ် (၂၂/ ခပေါင်းရေကြည်ရပ်ကွက်)၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် တည်ဆောက်မည့်ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာ စင်တာနှင့် သက်မွေးပညာသင်တန်းကျောင်း မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား အေးသာယာမြို့ရှိ လီဆူခန်းမ၌ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းပိုင်းဆိုင်ရာများ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အဆောက်အအုံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသော ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်သည့်ကာလအတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်ရေး၊ သတ်မှတ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ကိုက်ညီမှုရှိရေး၊ ငွေကြေးသုံးစွဲမှုတွင် သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ ကျန်းမာရေးအတွက် လိုအပ်သည့် အခန်းသတ်မှတ်လျာထားပေးရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အဆောက်အအုံတည်ဆောက်မည့်မြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု**

ယခု ဆောက်လုပ်မည့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ (Center of Vocational Training and Ethnic Community Affairs Shan State) စီမံကိန်းသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ရရှိခဲ့ခြင်းဖြစ်ကာ စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပြီး သက်မွေးပညာသင်တန်းကျောင်းကို ၁၄၇ ပေ x ၅၀ ပေ နှစ်ထပ်ဆောင်အဆောက်အအုံ၊ Workshop အဆောက်အအုံ ပေ ၄၀ x ပေ ၆၀၊ အားကစားလေ့ကျင့်ရေးကွင်း ပေ ၈၀ x ပေ ၈၀ နှင့် ကားရပ်နားရန်နေရာ ပေ ၁၅၀ x ပေ ၃၀ တို့ တည်ဆောက်သွားမည်ဖြစ်သည်။

သင်တန်းကျောင်းအဆောက်အအုံ ဆောက်လုပ်ပြီးစီးပါက ပန်းရံ၊ လက်သမား၊ သံချည်သံကွေး၊ ကွန်ပျူတာ၊ လျှပ်စစ်စက်မှု အထည်ချုပ်၊ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ အဲယားကွန်း၊ ဂဟေလုပ်ငန်းနှင့် ဖုန်းပြုပြင်ရေးလုပ်ငန်း၊ အင်္ဂလိပ်စာ စသည့်သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ပြီး တိုင်းရင်းသားများအတွက် လူမှုဘဝမြင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များဖြင့် ဝင်ရောက်လာသူခရီးသည်များကို RDT ဖြင့် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးပေးလျက်ရှိ

ရန်ကုန် မေ ၂

ကမ္ဘာ့နိုင်ငံအများစုတွင် ကိုဗစ်-၁၉ရောဂါဖြစ်ပွား၊ သေဆုံးမှုများ ကျဆင်းလာသည်နှင့်အတူ နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးသူများအား ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ဖြေလျှော့ပေးမှုများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ဆက်တိုက်ကျဆင်းလာခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားလာခြင်းနှင့်အတူ နိုင်ငံတကာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ဝင်ရောက်မည့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသားများအတွက် နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight)များ ပြန်လည်စတင်၍ ပြေးဆွဲခွင့်ပြုခြင်းနှင့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်း၊စည်းကမ်းများ ဖြေလျှော့မှုများကို ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များအရ တစ်ဆင့်ချင်း ဖြေလျှော့ပေးလျက်ရှိသည်။ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight)များကို ဧပြီ ၁၇ ရက် (၀၀:၀၀)နာရီမှစ၍ စတင်၍ပြန်လည်ပြေးဆွဲခွင့်ပြုခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ဝင်ရောက်လာသူ ခရီးသည်များကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RT-PCR နည်းဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ပြီး ဟိုတယ်တွင် ၂၄ နာရီ အဖြေစောင့်ဆိုင်းခြင်းစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ အဆိုပါခရီးသည်များတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနည်းပါးကြောင်း တွေ့ရသည်။



သို့ဖြစ်၍ နိုင်ငံတကာပုံမှန်လေကြောင်း ခရီးစဉ် (Commercial Flight)များဖြင့် ဝင်ရောက်လာသူခရီးသည်များကို ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ နောက်တစ်ဆင့်ထပ်မံ၍ ဖြေလျှော့ပေးခြင်းအနေဖြင့် မြန်မာနိုင်ငံသို့ မရောက်ရှိမီ ၇၂ နာရီအတွင်း RT-PCR ဖြင့် စစ်ဆေးထားသော ကိုဗစ်-၁၉ ရောဂါပိုးမရှိကြောင်း ဓာတ်ခွဲစစ်ဆေးချက်အထောက်အထား၊ ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားမှု မှတ်တမ်းများ၊ ကိုဗစ်-၁၉ အပါအဝင် ကူးစက်ရောဂါ သံသယလက္ခဏာများ မရှိကြောင်း ကြေညာချက် (Health Declaration) မှတ်တမ်းများပါရှိသူ မြန်မာနိုင်ငံသားခရီးသည်များနှင့် အဆိုပါအထောက်အထားများနှင့် တွဲဖက်၍ မြန်မာ့အာမခံလုပ်ငန်းမှ ဝယ်ယူထားသည့် ကျန်းမာရေးအာမခံပါရှိသူ နိုင်ငံခြားသားများကို လွယ်ကူမြန်ဆန်၍ ကုန်ကျစရိတ်သက်သာစေမည့် COVID-19 Antigen Rapid Diagnostic Test (RDT) နည်းဖြင့် ပြောင်းလဲ၍ ဓာတ်ခွဲစစ်ဆေးဆောင်ရွက်မှုများကို ဧပြီ ၁ ရက် (၀၀:၀၀)နာရီမှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် လေဆိပ်ကျန်းမာရေးဌာနခွဲတို့မှ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မေ ၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight) ရှစ်ခုဖြင့် ဝင်ရောက်လာသည့် ခရီးသည် ၈၅၀ ရှိ၍ ၎င်းတို့ကို RDT ဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိစစ်ဆေးပေးခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ မရှိကြောင်း သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight)များဖြင့် ဝင်ရောက်လာသော ခရီးသည်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းအပါအဝင် လေဆိပ်ရှိ ဌာနဆိုင်ရာလုပ်ငန်းများအား ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လေဆိပ်တွင်ကြာမြင့်ချိန် တစ်နာရီမှ နှစ်နာရီအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် အဆင်ပြေချောမွေ့စွာ အပြီးအစီး ဆောင်ရွက်နိုင်ပြီဖြစ်ကာ လေဆိပ်မှ အချိန်တိုအတွင်း မိမိတို့စီစဉ်ထားရှိသည့် ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာနိုင်ပြီဖြစ်သည်။

နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်(Commercial Flight) များကို ဧပြီ ၁၇ ရက်မှ မေ ၁ ရက်အထိ စတင်ပြေးဆွဲခဲ့ရာ လေကြောင်းခရီးစဉ် ၉၂ ခုဖြင့် ခရီးသည် ၇၅၅၀ ဝင်ရောက်လာခဲ့ပြီးဖြစ်သည်။ ထိုအတူနိုင်ငံရပ်ခြားတွင် အခက်အခဲတွေ့နေသူ မြန်မာနိုင်ငံသားများအား မိမိနိုင်ငံသို့ ပြန်လည်သယ်ဆောင်ခေါ်ယူလျက်ရှိသည့် ကယ်ဆယ်ရေးလေယာဉ် (Relief flight) များကို ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ခရီးစဉ်လိုအပ်ချက်များပေါ်မူတည်၍ ဆက်လက်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာအကြောင်း သိကောင်းစရာ

ဒေါက်တာနီနီတင့် (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

ယနေ့အချိန်အခါတွင် ရာသီဥတုပြောင်းလဲလာမှုများ လျင်မြန်စွာဖြစ်ပေါ်လျက်ရှိရာ သဘာဝအရင်းအမြစ်များဆုံးရှုံးမှုကို ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် စိုက်ပျိုးရေးထုတ်လုပ်မှုကဏ္ဍကို ထိခိုက်စေပါသည်။ အနာဂတ်လူသားတို့၏ စားနပ်ရိက္ခာဖူလုံစေရေးအတွက် စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်မှုကိုရရှိရန် စိုက်ပျိုးရေးဆိုင်ရာသဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရေးသည် အရေးကြီးလှပါသည်။

ထို့အပြင် ကိုဗစ်ကပ်ရောဂါ ဖြစ်ပွားနေသော ကာလအလွန်ဖြစ်၍ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် စိုက်ပျိုးရေးလုပ်ငန်းများ၌ အသုံးပြုရသော ဓာတ်မြေဩဇာများ ထုတ်လုပ်မှုကျဆင်းလာခြင်းကြောင့် ဓာတ်မြေဩဇာများ ရှားပါးခြင်း၊ သယ်ယူပို့ဆောင်မှုအခက်အခဲများကြောင့် ဓာတ်မြေဩဇာများ ဈေးနှုန်းမြင့်တက်ခြင်းနှင့် အလွယ်တကူဝယ်ယူ၍မရသော ပြဿနာများနှင့်ရင်ဆိုင်နေရပါသည်။ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းသိမ်းနိုင်ရန် မြေဆီလွှာအရည်အသွေးကောင်းမွန်ပြီး အပင်အာဟာရဓာတ် လုံလောက်စွာရရှိရန်မှာ အရေးကြီးလှပါသည်။ အပင်အာဟာရဓာတ် လုံလောက်မှုတစ္စာရနိုင်မှသာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နွားချေးနှင့် သစ်ဆွေးမြေဩဇာများ သုံးစွဲခြင်း၊ သီးနှံရိတ်သိမ်းပြီး အပင်အကြွင်းအကျန်များကို မြေသို့ ပြန်လည်ထည့်သွင်းပေးခြင်းအားဖြင့် မြေဆီလွှာပြုန်းတီးခြင်းနှင့် အပင်အာဟာရဓာတ်များ လျော့နည်းဆုံးရှုံးခြင်းတို့ကို ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

သီးနှံအထွက်နှုန်းများ တည်ငြိမ်တိုးတက်စေရန်နှင့် စိုက်ပျိုးသူတောင်သူများ အမြတ်အစွန်းရရှိနိုင်ရန်အတွက် မြေသားဖွဲ့စည်းတည်ဆောက်မှုကို ကောင်းမွန်စေသည့် ထွန်ယက်စိုက်ပျိုးမှုပုံစံနှင့် သီးနှံပင်အကြွင်းအကျန်များ မြေတွင်းသို့ ပြန်လည်ထည့်သွင်းစိုက်ပျိုးခြင်းကို ဆောင်ရွက်ရန်လိုအပ်လာပါသည်။ ထို့အပြင် အပေါ်ယံမြေသားများ တိုက်စားပျက်စီးဆုံးရှုံးခြင်းများကို ကာကွယ်ပေးခြင်း၊ သစ်ဆွေးဓာတ်များ လုံလောက်အောင်ထည့်သွင်းပေးခြင်းနှင့် မြေဆီလွှာအတွင်းရှိ အကျိုးပြုဇီဝသက်ရှိများနှင့် အပင်အာဟာရဓာတ် လှည့်ပတ်မှုပုံစံပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းများကိုလည်း အဓိကထား၍ ဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သစ်စိမ်းမြေဩဇာ စိုက်ပျိုးခြင်းသည်လည်း နည်းလမ်းတစ်ခုအဖြစ် ပါဝင်လျက်ရှိပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းစနစ်များကို ဖြန့်ဝေပေးခြင်း၊ သီးနှံအထွက်တိုးစေမည့် နည်းလမ်းကောင်းများကို လေ့လာသုတေသနပြုခြင်း၊ မျိုးသစ်မျိုးကောင်းများ၊ မြေဆီလွှာနှင့် မြေဩဇာစီမံခန့်ခွဲမှုနည်းလမ်းကောင်းများ သုတေသနပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

သစ်စိမ်းမြေဩဇာဆိုသည်မှာ အကြီးမြန်ဆွေးမြည့်လွယ်၍ ဇီဝဒြပ်ထု (Biomass) အထွက်များများရရှိသော အပင်မျိုးများကို ကြဲပက်စိုက်ပျိုးကာ ထယ်ထိုးမြေမြှုပ်ခြင်းအားဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိများကို ပြောင်းလဲပေး၍ မြေဆီလွှာ၏ အာဟာရဓာတ်ကို ဖြည့်တင်းပေးသော သဘာဝမြေဩဇာပင်ဖြစ်ပါသည်။

သီးနှံများမစိုက်ပျိုးမီ သို့မဟုတ် သီးနှံရိတ်သိမ်းပြီး ခေတ္တမြေလှပ်ချိန်တွင် အကြီးမြန်သော ပဲမျိုးရင်းဝင်အပင်များကို ကြဲပက်စိုက်ပျိုးထားပြီး ပန်းမပွင့်မီအချိန်တွင် ထယ်ထိုးမြေမြှုပ်ပေးခြင်းဖြင့် နောက်စိုက်ပျိုးမည့်သီးနှံအတွက် လိုအပ်သောနိုက်ထရိုဂျင်ဓာတ်၊ ဖော့စ်ဖရပ်စ်ဓာတ်၊ ပိုတက်ရှ်ဓာတ်များနှင့် သစ်ဆွေးဓာတ် (Organic Matter) များကို ရရှိစေပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကို သစ်စိမ်းမြေဩဇာကျွေးခြင်း (Green Manuring) ဟု ခေါ်ဆိုပါသည်။ သစ်စိမ်းမြေဩဇာအဖြစ် ပဲမျိုးရင်းဝင်အပင်များဖြစ်သည့် ပဲလွမ်း၊ ပဲတီစိမ်းနှင့် မတ်ပဲစသည်တို့အပြင် ပိုက်ဆံလျှော်၊ ဆူးမဲ့ထိကရုန်း(Mimosa) အစရှိသည်တို့ကို အသုံးပြုနိုင်ပါသည်။ ၎င်းတို့အထဲမှ ယခုအခါ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသော သစ်စိမ်းမြေဩဇာအပင် ပိုက်ဆံလျှော်အကြောင်း သိကောင်းစရာများကို သုတေသနတွေ့ရှိချက်များနှင့်တကွ ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

### ပိုက်ဆံလျှော်ပင် သစ်စိမ်းမြေဩဇာ

သစ်စိမ်းမြေဩဇာပင် အမျိုးမျိုးအနက် အပင်အကြီးမြန်၍ စိုက်ပျိုးရအလွယ်ကူဆုံးအပင်သည် ပိုက်ဆံလျှော်ပင်ဖြစ်ပါသည်။





ပိုက်ဆံလျှော်စိုက်ခင်း ထယ်ထိုးမြေမြှုပ်နေပုံနှင့် မြေမြှုပ်ပြီးအခြေအနေကို တွေ့ရစဉ်။

ပိုက်ဆံလျှော်၏ အင်္ဂလိပ်အမည်မှာ Sunnhemp ဖြစ်ပြီး သိပ္ပံအမည်မှာ Crotalaria juncea ဖြစ်ပါသည်။ ပိုက်ဆံလျှော်ပင်သည် အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများအတွက် သစ်စိမ်းမြေဩဇာပင်အဖြစ် လူသိများသော ပဲမျိုးရင်းဝင်အပင်တစ်မျိုးဖြစ်ပါသည်။

အစိုဓာတ်လုံလောက်ပါက မည်သည့်မြေအမျိုးအစားတွင်မဆို ကောင်းစွာပေါက်ရောက်ရှင်သန်နိုင်သောအပင်ဖြစ်ပါသည်။ လင်းတာတုံ့ပြန်မှုရှိပြီး နေ့တာရှည်ကာလများရရှိပါက ပင်ပိုင်းကြီးထွားမှု ကြာရှည်စေသော အပင်မျိုးဖြစ်ပါသည်။

### ပိုက်ဆံလျှော်ပင်အား သစ်စိမ်းမြေဩဇာအဖြစ် စိုက်ပျိုးခြင်း

ပိုက်ဆံလျှော်အား သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုရန် စိုက်ပျိုးမည်ဆိုပါက မျိုးစေ့နှုန်း တစ်ဧကလျှင် ခြောက်ပြည်မှ ၁၂ ပြည်အထိ အသုံးပြုရန်လိုအပ်ပါသည်။ မျိုးစေ့နှုန်းထားများများသုံးလေ သစ်စိမ်းပမာဏများများရလေ ဖြစ်ပါသည်။

- ပုံမှန်အားဖြင့် စပါးအခြေခံ သီးနှံပုံစံများတွင် လယ်မြေများ၌ မိုးစပါးရိတ်သိမ်းပြီးနောက် ထယ်တစ်စပ်၊ ထွန်တစ်စပ်ဝင်ပြီး မျိုးစေ့ကို ညီညာအောင် ကြဲပက်ရပါသည်။ ထို့နောက် ထွန်တစ်စပ်ဖြင့် ပြန်ဖုံးပေးရပါသည်။ စိုက်ပျိုးပြီး ထယ်ထိုးနှစ်မြှုပ်ရမည့်အချိန်သည် အထူးအရေးကြီးပါသည်။
- မိုးရေကိုသာ အားကိုးစိုက်ရသော ကုန်းပိုင်းယာမြေများတွင် မိုးသီးနှံမစိုက်ပျိုးမီ ကြဲပက်စိုက်ပျိုးထားပါက အပင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း ထယ်ထိုးမြေမြှုပ်ပေးရပါသည်။
- ပုံမှန်အားဖြင့် လယ်မြေများတွင် မိုးစပါးရိတ်သိမ်းပြီးနောက် နွေသီးနှံမစိုက်ပျိုးမီ ပိုက်ဆံလျှော်မျိုးစေ့ကြဲပက်၍ အပင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း သစ်စိမ်းမြေဩဇာအဖြစ် ထယ်ထိုးမြေမြှုပ်ပေးလေ့ရှိပါသည်။
- နွေသီးနှံရိတ်သိမ်းပြီးနောက် မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော်မျိုးစေ့ကြဲပက်၍လည်း အပင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း သစ်စိမ်းမြေဩဇာအဖြစ် ထယ်ထိုးမြေမြှုပ်ပေးလေ့ရှိပါသည်။
- အခြားနေရာတွင် စိုက်ပျိုးထားပါက သက်တမ်း ၄၅ ရက်မှ ၆၅ ရက်သားအတွင်း ပိုက်ဆံလျှော်ပင်ကိုရိတ်ပြီး လယ်တွင်ချ၍ စပါးမစိုက်ခင် နှစ်ပတ်အလို သမန်းတွင်မြှုပ်ပြီး ထည့်သွင်းနိုင်ပါသည်။

၂၀၁၄-၂၀၁၅ ခုနှစ်၌ ပိုက်ဆံလျှော်၊ ပဲလွမ်းနှင့် မတ်ပဲတို့၏ အပင်သက်တမ်းအလိုက် ထယ်ထိုးမြေမြှုပ်ခဲ့ရာ မြေတွင်း၌ရရှိသော အာဟာရဓာတ်ပါဝင်မှုများကို အောက်ပါအတိုင်း ဓာတ်ခွဲစစ်ဆေးခြင်းရလဒ်အဖြစ် တွေ့ရှိရပါသည်။

### ပိုက်ဆံလျှော်၏အပင်သက်တမ်းအလိုက် မြေဆီလွှာအတွင်းသို့ ဖြည့်ဆည်းပေးနိုင်မည့် အာဟာရဓာတ်

| သစ်စိမ်းပင် | ထယ်ထိုးသည့် အပင်ရက်သား | မြေဆီလွှာအတွင်းသို့ ဖြည့်ဆည်းပေးနိုင်မည့် အာဟာရဓာတ်(ပေါင်/ဧက) | | |
|---|---|---|---|---|
| | | နိုက်ထရိုဂျင် | ဖော့စ်ဖရပ်စ် | ပိုတက်ရှ် |
| ပိုက်ဆံလျှော် | ၄၅ | ၈၆ | ၁၁ | ၄၈ |
| ပိုက်ဆံလျှော် | ၆၅ | ၄၂ | ၈ | ၁၉ |

### ပဲလွမ်းနှင့် မတ်ပဲတို့၏အပင်သက်တမ်းအလိုက်မြေဆီလွှာအတွင်းသို့ ဖြည့်ဆည်းပေးနိုင်မည့် အာဟာရဓာတ်

| သစ်စိမ်းပင် | ထယ်ထိုးသည့် အပင်ရက်သား | မြေဆီလွှာအတွင်းသို့ ဖြည့်ဆည်းပေးနိုင်မည့် အာဟာရဓာတ်(ပေါင်/ဧက) | | |
|---|---|---|---|---|
| | | နိုက်ထရိုဂျင် | ဖော့စ်ဖရပ်စ် | ပိုတက်ရှ် |
| ပဲလွမ်း | ၄၅ | ၇၄ | ၁၁ | ၂၈ |
| ပဲလွမ်း | ၇၅ | ၃၀ | ၇ | ၁၅ |
| မတ်ပဲ | ၄၅ | ၅၆ | ၁၀ | ၂၅ |
| မတ်ပဲ | ၇၅ | ၃၆ | ၅ | ၁၂ |

သုတေသနမှတ်တမ်းများအရ ပိုက်ဆံလျှော်မျိုးစေ့တစ်ပြည်လျှင် မျိုးစေ့အရေအတွက် ငါးသောင်းခန့်ပါရှိပြီး တစ်ဧကလျှင် ၁၀ ပြည်နှုန်း ကြဲပက်ပါက မျိုးစေ့ ငါးသိန်းခန့် ရှိမည်ဖြစ်ပါသည်။ ၎င်းမျိုးစေ့များကို ကြဲပက်ပါက အပင်ပေါက်ရာခိုင်နှုန်း ၈၀ ရှိမည်ဆိုလျှင် ပိုက်ဆံလျှော်အပင်ပေါက် လေးသိန်းကျော် ရရှိမည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ် မိုးစပါးမစိုက်မီ စမ်းသပ်တွေ့ရှိချက်မှာ တစ်ဧကလျှင် မျိုးစေ့နှုန်း ၁၀ ပြည်ဖြင့် ရက် ၅၀ သား၌ ထယ်ထိုးမြေမြှုပ်လျှင် တစ်ဧကလျှင် သစ်စိမ်းပမာဏ အစိုချိန် ၁၂ ဒသမ ၅ တန်ထွက်ရှိမှုမှ တစ်ဧကလျှင် နိုက်ထရိုဂျင်ဓာတ်ပမာဏ ၁၃၂ ဒသမ ၅ ပေါင်၊ ဖော့စ်ဖရပ်စ်ဓာတ် ၁၇ ဒသမ ၅ ပေါင်၊ ပိုတက်ဆီယမ်ဓာတ် ၁၅၄ ပေါင်နှင့် ဆာလ်ဖာဓာတ် ကိုးပေါင်ခန့် ရရှိနိုင်ကြောင်း တွေ့ရှိခဲ့ပါသည်။ [အမြစ်မပါ ကျန်အပင်အစိတ်အပိုင်း၏ နိုက်ထရိုဂျင်ဓာတ် ပါဝင်မှုရာခိုင်နှုန်း (၃ ဒသမ သုည ရာခိုင်နှုန်း)၊ ဖော့စ်ဖရပ်စ်ဓာတ် ပါဝင်မှုရာခိုင်နှုန်း (သုည ဒသမ ၄၀ ရာခိုင်နှုန်း)၊

စာမျက်နှာ ၉ သို့ ✪

- ❖ **သစ်စိမ်းမြေဩဇာဆိုသည်မှာ အကြီးမြန်ဆွေးမြည့်လွယ်၍ ဇီဝဒြပ်ထု (Biomass) အထွက်များများရရှိသော အပင်မျိုးများကို ကြဲပက်စိုက်ပျိုးကာ ထယ်ထိုးမြေမြှုပ်ခြင်းအားဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိများကို ပြောင်းလဲပေး၍ မြေဆီလွှာ၏ အာဟာရဓာတ်ကို ဖြည့်တင်းပေးသော သဘာဝမြေဩဇာပင်ဖြစ်**
- ❖ **အစိုဓာတ်လုံလောက်ပါက မည်သည့်မြေအမျိုးအစားတွင်မဆို ကောင်းစွာပေါက်ရောက်ရှင်သန်နိုင်သောအပင်ဖြစ်ပါသည်။ လင်းတာ တုံ့ပြန်မှုရှိပြီး နေ့တာရှည်ကာလများရရှိပါက ပင်ပိုင်းကြီးထွားမှု ကြာရှည်စေသော အပင်မျိုးဖြစ်**

■ မလေးရှားမှ

မြန်မာနိုင်ငံ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုကော်မတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများသည် အကြမ်းဖက်အုပ်စုများအဖြစ် ၂၀၂၁ ခုနှစ် မေလ ၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၁ ဖြင့် တရားဝင်ထုတ်ပြန်ကြေညာခဲ့ကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ထပ်မံအသိပေးအပ်သည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီး၏ မဆင်မခြင်နှင့် တာဝန်မဲ့ အဆိုပြုပြောကြားချက်သည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုများကို အားပေးရာရောက်နိုင်သည့်အပြင် အကြမ်းဖက်မှုများ တိုက်ဖျက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အဟန့်အတားဖြစ်စေပြီး နိုင်ငံတကာအကြမ်းဖက်မှု တိုက်ဖျက်ရေး သဘောတူညီချက်များကို ချိုးဖောက်ရာရောက်စေသည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ပယ်ချကြောင်း ဖော်ပြအပ်သည်။ ထို့ပြင် နောင်တွင် မလေးရှားနိုင်ငံအစိုးရတာဝန်ရှိသူများနှင့် လွှတ်တော်အမတ်များအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ကိုယ်စားလှယ်များအား ထိတွေ့ဆက်ဆံခြင်းနှင့် အားပေးပံ့ပိုးခြင်းများ မပြုလုပ်ရန်လည်း သတိပေးဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်**

## မြစ်သားမြို့ ကူမဲငါးလုပ်ငန်းစခန်းတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**နေပြည်တော် မေ ၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ရှိ ကူမဲငါးလုပ်ငန်းစခန်း၌ ပူပြင်းခြောက်သွေ့သောနွေရာသီကာလတွင် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ပါရန်နှင့် သရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ်ပါရန် ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားမှုအရ ကူမဲငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများသည် မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာန၏ အကူအညီဖြင့် မီးဘေးအန္တရာယ် အသိပညာပေး ဗဟုသုတများနှင့် လက်တွေ့မီးငြိမ်းသတ်ရေး လေ့ကျင့်ခန်းများ၊ မီးလောင်စဉ်တွင် လိုက်နာရမည့် အစီအစဉ်များ၊ အရေးကြီး သယ်ယူရမည့် အစီအစဉ်များ သရုပ်ပြလေ့ကျင့်ခြင်းကို ဧပြီ ၃၀ ရက်တွင် ကူမဲငါးလုပ်ငန်းစခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၈ မှ

ပိုတက်ဆီယမ်ဓာတ် ပါဝင်မှုရာခိုင်နှုန်း (၃ ဒသမ ၄၅ ရာခိုင်နှုန်း) တို့အပေါ်မူတည်၍ တွက်ထားခြင်းဖြစ်ပါသည်။] ဤတွက်ချက်မှုပမာဏတို့သည် မြေဆီလွှာအတွင်းရှိ အဏုဇီဝသက်ရှိတို့၏ လှုပ်ရှားဆောင်ရွက်မှုများ၊ အပင်မှရယူနိုင်မှု၊ မြေ၏အပူချိန်နှင့် ရာသီဥတုများ အပေါ်မူတည်၍ အာဟာရဓာတ်ရရှိမှု ကွာခြားနိုင်ပါသည်။

သက်တမ်းကြာလေ ဇီဝဒြပ်ထု(Biomass) အထွက်ပမာဏ ပိုများနိုင်လေ ဖြစ်ပါသည်။ သို့ရာတွင် သက်တမ်းကြာလာသည်နှင့်အမျှ အပင်အစိတ်အပိုင်းများ ပိုမိုရင့်မာလာသဖြင့် ထယ်ထိုးနှစ်မြှုပ်ပါက ဆွေးမြည့်ချိန် ပိုမိုကြာနိုင်မည်ဖြစ်ပါသည်။

ထယ်ထိုးနှစ်မြှုပ်ထားပြီး ၁၀ ရက်မှ ၁၄ ရက်အကြာတွင် ကောင်းစွာဆွေးမြည့်ပြီးမှသာလျှင် နောက်သီးနှံကို စိုက်ပျိုးသင့်ပါသည်။

**ပိုက်ဆံလျှော် သစ်စိမ်းစိုက်ပျိုး၍ မြေမြှုပ်ပေးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

(၁) မြေဆီလွှာအတွင်းရှိ အစိုဓာတ်ကို ထိန်းသိမ်းပေးသည်သာမက သစ်ဆွေးဓာတ်ကိုလည်း တိုးတက်စေကာ မြေသားဖွဲ့စည်းမှုကိုလည်း တိုးတက်ကောင်းမွန်စေပါသည်။

(၂) လေထုထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူပေးသည့်အတွက် မြေဆီလွှာအတွင်း နိုက်ထရိုဂျင်ဓာတ် ဖြည့်တင်းပေးရာရောက်ပါသည်။

(၃) မြေဆီလွှာအတွင်းရှိ အပင်အာဟာရဓာတ်များအား မြေအောက်သို့ စိမ့်ဝင်ဆုံးရှုံးခြင်းမှ ကာကွယ်ပေးသည်။

(၄) မြေဆီလွှာတိုက်စားမှုကို လျော့နည်းစေပြီး အပေါ်ယံမြေလွှာများ ပျက်စီးမှုကို ကာကွယ်ပေးပါသည်။

(၅) မြေညံ့များတွင် စိုက်ပျိုးပြီး ထွန်ယက်မြေမြှုပ်ပေးပါက မြေဆီအရည်အသွေးကို တိုးတက်စေပါသည်။

### မျိုးစေ့ထုတ် စိုက်ပျိုးခြင်း

ပိုက်ဆံလျှော်ကို မျိုးစေ့ထုတ်စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးသင့်သောအချိန်မှာ ဩဂုတ်လအတွင်းဖြစ်ပါသည်။ တစ်ဧကလျှင် မျိုးစေ့ သုံး၊ လေးပြည်နှုန်းဖြင့် အသုံးပြုရပါမည်။ စိုက်ပျိုးရာတွင် တန်းကြား တစ်ပေခွဲခြား၍ ကြွက်မြီးတန်းချ စိုက်ပျိုးရပါသည်။ နှစ်ပတ်သားခန့်တွင် ခြောက်လက်မခြား တစ်ပင်ချန် သားခွဲပေးရန်လိုပါသည်။ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလများတွင် အသီးတောင့်များ ရိတ်သိမ်းနိုင်ပါသည်။ ရိတ်သိမ်းပြီးနောက် အခြောက်ခံခြွေလှေ့သန့်စင်၍ မျိုးစေ့အဖြစ် အသုံးပြုနိုင်ပါသည်။ တစ်ဧကလျှင် မျိုးစေ့အထွက်နှုန်း ရှစ်တင်းမှ ၁၀ တင်းခန့် ရရှိနိုင်ပါသည်။ ပိုက်ဆံလျှော်သည် နေ့တာတိုအပင်မျိုးဖြစ်ပြီး နေ့တာအတိုအရှည်အပေါ် မူတည်၍ ပန်းပွင့်ချိန်ကွာခြားနိုင်ပါသည်။ သို့ဖြစ်ပါ၍ တစ်နှစ်လျှင် တစ်ကြိမ်သာ မျိုးစေ့ထုတ်အဖြစ် စိုက်ပျိုးနိုင်ပါသည်။

ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာပင်များသည် မြေဆီလွှာ၏ အရည်အသွေးကို တိုးတက်စေရုံသာမက ပိုက်ဆံလျှော်ပင်သည် ပေါင်းပင်များပေါ်မှ အုပ်မိုးကြီးထွားလေ့ရှိသဖြင့် ပေါင်းပေါက်ရောက်မှု လျော့ပါးစေခြင်း၊ မြေတွင်းသို့ အခြားသဘာဝမြေဩဇာများ(မြေဆွေး၊ နွားချေးများ) လိုက်လံထည့်ပေးရသည်ထက် လုပ်အားခသက်သာခြင်း၊ စိုက်ပျိုးရလွယ်ကူခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှုကို လျော့နည်းစေကာ ကုန်ကျစရိတ်သက်သာစေခြင်း၊ မြေဆီလွှာတိုက်စားမှုမှ ကာကွယ်ပေးခြင်း စသောအကျိုးကျေးဇူးများ ရရှိစေပါသည်။



ပန်းပွင့်နေသော ပိုက်ဆံလျှော်စိုက်ခင်း



ပိုက်ဆံလျှော်မျိုးစေ့များ

အချို့နိုင်ငံများတွင် ပိုက်ဆံလျှော်ကို သစ်စိမ်းမြေဩဇာအဖြစ်သာမက စက္ကူ၊ ကြိုး၊ ပိုက်ကွန်နှင့် ဖျာများရက်လုပ်ရန် လျှော်ပင်အဖြစ်လည်း အသုံးပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် ပိုက်ဆံလျှော်သည် သစ်စိမ်းမြေဩဇာအဖြစ်လည်းကောင်း၊ အခြားအသုံးပြုမှုများအတွက်လည်းကောင်း လွန်စွာအသုံးဝင်သော အပင်ဖြစ်သောကြောင့် စိုက်ပျိုးသူတောင်သူများအတွက် လက်တွေ့စိုက်ပျိုးအသုံးချနိုင်ပါရန် သုတေသနတွေ့ရှိချက်များကို ကိုးကား၍ ရေးသားဖော်ပြလိုက်ရပါသည်။ ။

**ကိုးကား**

- **စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မြေဆီလွှာသိပ္ပံသုတေသနဌာနစု ဓာတ်ခွဲစစ်ဆေးခြင်းရလဒ်အဖြေများ။ (၂၀၁၄-၂၀၁၅၊ ၂၀၂၀-၂၀၂၁)**
- **စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးမွေးမြူရေးစနစ်သုတေသနဌာနစု။(၂၀၂၁)**
- **https://www.researchgate.net. Sunnhemp in India.**

## ကမ်းလင့်ဆွေးနွေး ငြိမ်းချမ်းရေးသို့

☆ ဒို့မြန်ပြည် ငြိမ်းချမ်းရေး
လှမ်းမဝေး နီးဖို့ရည်
ဆွေးနွေးကြမည်၊
လက်ကမ်း၍ ဖိတ်ခေါ်သည်
တိုးတက်စည် ဖွံ့ဖြိုးရေး၊
ညှိနှိုင်းကာ အဖြေရှာဖို့
တွေ့ကြစို့လေး။

☆ မလာချင် ခရီးဝေး
တံ့နှေးကွေး တအီအီ
ဝေးသည်ထက်ဝေးမည်၊
မဝေးဖို့ တောင်းဆုသီ
စုဖွဲ့လီ ညီညွတ်ရေး၊
ခုရာသီ ချိန်ခါသင့်
နှိုင်းချင့်ကာတွေး။

☆ လာချင်ရင် အနီးလေး
ငြိမ်းချမ်းရေး ဖြောင့်တန်းညီ
စည်းလုံးစွာချီ၊
အေးချမ်းသည့် အနာဂတ်ဆီ
ဒို့ဦးတည် ရောက်နိုင်ရေး၊
ပြေလည်အောင် ဖြေကာဖော့
လျှော့လိုက်ခဲ့လေး။

☆ အေးချမ်းမှ တိုးတက်မည်
မိမြန်ပြည် သာယာရေး၊
သမိုင်းဝင် ငြိမ်းချမ်းရေးနှစ်ပေမို့
ကမ်းလင့်စဉ် စားပွဲဝိုင်းဆွေးနွေးပွဲကိုလ
လှမ်းစေချင် သံသယကင်းစွာဖြင့်
တိုင်းရင်းသား ညီအစ်ကိုအပေါင်းတို့ရေ
လှမ်းခဲ့ပါလေး။ ။

**ကြေးမုံဖြိုးသန့်(ရွှေရတု)**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးအတွက် ကမ်းလင့်ဖိတ်ခေါ်မှုအား ဂုဏ်ပြုကြိုဆိုလျက်)

# ၂၇-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

**Myanmar Hard Talk သတင်းဌာနမှ သတင်းထောက် ကိုဥက္ကာက** ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုသည် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးအထူးကိုယ်စားလှယ် မစ္စတာဆာဆာကာဝါ၏ ငြိမ်းချမ်းရေးခရီးစဉ်နှင့် ဆက်စပ်မှု ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**သက်ဆိုင်ရာခေါင်းဆောင်များကို တိုက်ရိုက်တွေ့ဆုံမည်**

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** အဆိုပါကိစ္စနှင့် ဆက်စပ်မှုမရှိကြောင်း၊ သို့သော် မစ္စတာဆာဆာကာဝါသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထဲထဲဝင်ဝင် ပါဝင်ကူညီဆောင်ရွက်နေသူဖြစ်ကြောင်း၊ AA နှင့်ဖြစ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်ပြီး ထပ်မံမဖြစ်ပွားအောင် အဓိကအကျိုးဆောင်နေသည့်သူဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အာဆီယံအထူးကိုယ်စားလှယ်အနေဖြင့် ဆောင်ရွက်ရန် မစ္စတာဆာဆာကာဝါပါဝင်ဖို့ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းထောက်ကြီးမေးသလို ဖိတ်ခေါ်ခဲ့ခြင်းသည် မစ္စတာဆာဆာကာဝါနှင့် ဆက်စပ်ခြင်းမရှိကြောင်း ပြောလိုကြောင်း၊ မိမိတို့ဖိတ်ခေါ်ခဲ့ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ယခင်ကတည်းကတိုင် ပြောခဲ့ပြီးဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိသည်မှာ ၇၅ နှစ်ရှိပြီဖြစ်သော်လည်း ပြည်သူများအနေဖြင့် လွတ်လပ်ရေး၏အရသာ၊ ဒီမိုကရေစီ၏အရသာ၊ ငြိမ်းချမ်းရေးအရသာကို အပြည့်အဝမခံစားရသေးကြောင်း၊ ထို့ကြောင့် ပြည်သူများအပြည့်အဝခံစားနိုင်ရန် မိမိတို့အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းမှုရမည်ဆိုသည့် ခံယူချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာခေါင်းဆောင်များကို တိုက်ရိုက်တွေ့ဆုံမည်ဖြစ်ကြောင်း။

ယင်းကိစ္စနှင့်ပတ်သက်၍ EAOs အဖွဲ့ခေါင်းဆောင်များကို မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ ယခင်က ခေါင်းဆောင်များက ပြောလေ့ရှိသည်မှာ ငြိမ်းချမ်းရေးလုပ်ဆောင်ရာတွင် အစိုးရကတစ်မျိုး၊ တပ်မတော်ကတစ်မျိုး၊ လွှတ်တော်ကတစ်မျိုးဟု ပြောလေ့ရှိကြောင်း၊ လက်ရှိလုပ်ဆောင်မည်မှာ တစ်ဦးတည်းဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိအခြေအနေ၊ အချိန်အခါမျိုးသည် မရှိနိုင်ကြောင်း၊ သဘောထားရိုးသားစွာဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်သည်ဟု ပြောခဲ့ပြီးဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုတွင် အချို့ EAOs အဖွဲ့သည် EAOs အဖွဲ့ချင်းတူသော်လည်း သမိုင်းကြောင်းများ မတူညီသလို နယ်မြေလည်း မတူညီခြင်းကြောင့် တောင်းဆိုမှုများလည်း ကွဲပြားမှုရှိနိုင်ကြောင်း၊ သို့သော် တူညီသည့်အချက်များလည်းရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရာတွင် အားလုံးကို တွေ့ဆုံမည်လား၊ တစ်ဖွဲ့ချင်းတွေ့ဆုံမည်လားဆိုသည်မှာ နှစ်မျိုးလုံးဖြစ်နိုင်ကြောင်း၊ အခြေခံအချက်အလက်များ မတူညီသည့်အတွက် နှစ်မျိုးစလုံးဖြစ်နိုင်သည်ဟု ပြောလိုကြောင်း၊ ထို့ကြောင့် လက်ရှိအချိန်အခါမျိုးသည် မရှိသလောက်ရှားသည်ဟု မိမိအနေဖြင့် ပြောလိုကြောင်း။

သမိုင်းကိုပြန်လှည့်ကြည့်မည်ဆိုပါက ဆွေးနွေးမှုများ များစွာပြုလုပ်ခဲ့ကြောင်း၊ ၁၉၆၂ တော်လှန်ရေးကောင်စီတက်လာသည့်အချိန်တွင် KNC အဖွဲ့ (ကရင်တော်လှန်ရေးကောင်စီ) ဘွဲ့ထူးဂုဏ်ထူးပေးလိုက်သည့် စောဟန်တာသာမွေး ဦးဆောင်သည့်အဖွဲ့နှင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး ပထမဆုံးတရားဝင်လက်မှတ်ရေးထိုးသည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင်လည်း တစ်ယောက်တည်းဖြစ်ကြောင်း၊ အဆိုပါကာလတွင် အဖွဲ့ကြီး၊ အဖွဲ့ငယ် ၁၇ ဖွဲ့လည်း ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးနိုင်သည့်အဆင့် မရောက်ရှိခဲ့သော်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို နှစ်ပေါင်းဆယ်စုနှစ်ချီ၍ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် အချို့ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာခဲ့ကြောင်း၊ ထိုအခြေအနေများကို EAOs အဖွဲ့ခေါင်းဆောင်များအနေဖြင့် မိမိတို့နေထိုင်သည့် တိုင်းရင်းသားပြည်သူလူထု၊ မြန်မာတစ်နိုင်ငံလုံးတွင်ရှိသည့် တိုင်းရင်းသားပြည်သူလူထုတို့၏ အကျိုးကိုငဲ့ကွက်သောအားဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောလိုကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေသည်ဆိုသည့် စကားသံများဖြင့် အဖွဲ့လိုက်ရှင်းပြပြီး ရရှိပြီးဖြစ်ကြောင်း၊ EAO အဖွဲ့ခေါင်းဆောင် တစ်ဦးပြောခဲ့သည့်စကားကို ရည်ညွှန်းပြီး ပြောလိုကြောင်း၊ **"သတ္တိရှိလို့ စစ်တိုက်ရင် ဒါ့ထက်ပိုပြီး သတ္တိရှိရင် ငြိမ်းချမ်းရေးစကားလည်း ပြောရဲရမှာပေါ့"** ဆိုသည့်အတိုင်း မိမိအနေဖြင့် အထူးအလေးအနက်ထားပြီး တိုက်တွန်းလိုကြောင်း ပြန်လည်ဖြေကြားသည်။

**ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများ**

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေးက** NLD အစွန်းရောက် ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများ၏ လှုံ့ဆော်မှုကြောင့် PDF ထဲကိုရောက်ရှိနေသည့် လူငယ်အချို့သည် ၎င်းတို့၏မိဘ၊ နေရပ်ထံကိုပြန်လိုကြသည့် သတင်းများကြားသိရကြောင်း၊ မိဘများအနေဖြင့်လည်း ပြန်လည်ခေါ်ဆောင်လိုကြသည်များလည်း ကြားသိရကြောင်း၊ ထိုသို့ အကြမ်းဖက်အဖွဲ့အတွင်း ရောက်ရှိနေသည့် လူငယ်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့ပြန်လည်ဆောင်ရွက်ပေးနိုင်သည်ကိုသိလိုကြောင်း၊ PDF အတွင်းရောက်ရှိပြီးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ဆက်သွယ်ပြီး ဝင်ရောက်လာသည့် လူငယ်များကို ပြန်လက်ခံကာ စောင့်ရှောက်ပေးခြင်းမျိုး ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** မိမိတို့အနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်ပြီး သတင်းစာထဲတွင်လည်း အသေးစိတ်ကြေညာထားပြီးဖြစ်ကြောင်း၊ လူငယ်များသည် တက်ကြွသူများဖြစ်ကြောင်း၊ စူးစမ်းလေ့လာလိုစိတ်ရှိသူများဖြစ်ကြောင်း၊ ယင်းသို့ စိတ်ဓာတ်တက်ကြွသည့်လူငယ်များကို လမ်းမှားရောက်အောင် တွန်းပို့ခဲ့သည့်လူများလည်းရှိကြောင်း၊ ထို့ကြောင့် အကြမ်းဖက်အဖွဲ့ PDF အတွင်းသို့ ရောက်ရှိသူများ၊ အကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသည့်သူများလည်း ရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ထုတ်ပြန်ချက်များ ထုတ်ပြန်ထားကြောင်း၊ ရာဇဝတ်မှုတစ်ခုခုကို ကျူးလွန်ခြင်းမရှိပါက တရားဥပဒေအရ ကင်းလွတ်ခွင့်ရမည်ဖြစ်ပြီး ပြန်လည်လက်ခံကြိုဆိုခြင်းခံရမည်ဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် နှစ်ပေါင်းများစွာ တိုက်ခိုက်လာကြသည့်အဖွဲ့များပင် အလင်းဝင်လာပါက လက်ခံရသည်ဖြစ်ကြောင်း၊ လူငယ်များသည် ပြည်သူလူထု၏ သား၊ သမီးများပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူလူထုများ၊ မြန်မာနိုင်ငံသားများပင်ဖြစ်ကြောင်း၊ မည်သူသေသေ မြန်မာနိုင်ငံသားများ သေခြင်းဖြစ်သောကြောင့် ယင်းကိစ္စကို လေလုံးထွားပြီး ဂုဏ်ယူနေစရာ အကြောင်းမရှိဟု ပြောလိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြန်လည်လက်ခံသွားရန်၊ ပြန်လည်စောင့်ရှောက်သွားရန် အသင့်ရှိသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေးက** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးမိန့်ခွန်းသည် ကြိုဆိုရမည့်ကိစ္စတစ်ခုဖြစ်သည်ကို အများစုက လက်ခံထားရှိကြောင်း၊ သို့သော် ယနေ့ဒီအချိန်အထိ NLD အစွန်းရောက်များက အကြမ်းဖက်လုပ်ရပ်များကို နေ့စဉ်ရက်ဆက်လုပ်ဆောင်လျက်ရှိပြီး သတ်ဖြတ်မှုများလည်း လုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကြမ်းဖက်များက မည်သို့နှောင့်ယှက်လာနိုင်ခြေရှိသည်၊ နှောင့်ယှက်လာပါက မည်သို့ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း၊ ဆက်စပ်မေးခွန်းအဖြစ် လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များတွင် ဒုတိယနှစ်မှစတင်ပြီး သင်ရိုးညွှန်းတမ်းများ ပြည့်စုံမှုမရှိသေးသည်ဟု ကြားသိရကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနအပိုင်းက ဆောင်ရွက်နေသည်များကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** ငြိမ်းချမ်းရေးဖိတ်ခေါ်သည့်အကြောင်းနှင့်ပတ်သက်ပြီး EAOs များ၏သဘောထားကို မိမိအနေဖြင့် အဖွဲ့လိုက်ပြောခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များ၊ မရေးထိုးရသေးသည့်အဖွဲ့များနှင့် ပတ်သက်၍ သဘောထားများနှင့်ပတ်သက်ပြီး သဘောထားများသည် မိမိပြောခဲ့သည့်အတိုင်းပင်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ နေ့စဉ်အကြမ်းဖက်မှုကျူးလွန်ခြင်းများ ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ပြည်သူပါဝင်သည့် အင်အား၊ လိုအပ်သည့် အထောက်အပံ့ပစ္စည်းအပြည့်အစုံ ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်တိုးတက်အောင် မီဒီယာများအနေဖြင့် တတ်နိုင်သည့်ဘက်မှ စတုတ္ထမဏ္ဍိုင်ပီသစွာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း ပြန်လည်ဖြေကြားသည်။

**ပညာရေးဒီဂရီကောလိပ်များ**

ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပညာရေးဒီဂရီကောလိပ်များတွင် လေးနှစ်သင်သင်တန်းများနှင့်ပတ်သက်၍ လောလောဆယ် ပညာရေးဒီဂရီကောလိပ်များတွင် လက်ရှိဖွင့်လှစ်ထားရှိသည့် ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများအတွက် သင်ရိုးညွှန်းတမ်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့်သင်တန်းများမှာ ဖွင့်လှစ်ခြင်းမရှိသေးသဖြင့် ဆောင်ရွက်ဆဲသာရှိကြောင်း၊ ပညာရေးဒီဂရီကောလိပ်နှင့်ပတ်သက်သည့် ဆရာအတတ်သင်ပညာဦးစီးဌာနအတွက် ညွှန်ကြားရေးမှူးချုပ်လည်း ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယင်းဦးစီးဌာနသည် အသစ်ဖြစ်သည့်အတွက် ၎င်းဦးစီးပြီး ဆက်လက်ဆောင်ရွက်နေကြောင်း ဖြည့်စွက်ပြောကြားသည်။

**People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦးက** PDF များကို လက်နက်များ တပ်ဆင်ပေးခြင်း၊ စစ်သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးနေသည့် KNU၊ KIA အဖွဲ့များနှင့်ပတ်သက်ပြီး အစိုးရနှင့် ၎င်းအဖွဲ့များနှင့် ဆက်ဆံရေးအခြေအနေကို သိလိုကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများကို မွေးထုတ်ပေးသည့် လက်နက်ကိုင်အဖွဲ့များကို မည်သို့ပြောလိုသည်ကို သိလိုကြောင်းမေးမြန်းသည်။

စာမျက်နှာ ၁၁ သို့ ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

■ စာမျက်နှာ ၁၀ မှ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က PDF အဖွဲ့များကို အဓိကအားဖြင့် လက်နက်နှင့် သင်တန်းပေးနေသည့် အဖွဲ့အစည်းများရှိကြောင်း၊ သတင်းထောက်ကြီး ပြောသည့် အဖွဲ့အစည်းများပါသလို အခြားအဖွဲ့အစည်းများလည်း ပါဝင်ပတ်သက်နေကြောင်း၊ လက်တွေ့ဖြစ်ပျက်နေသည့်အခြေအနေကို သုံးသပ်ရန်လိုကြောင်း၊ ယခင်တုန်းက EAOs အဖွဲ့များရှိနေသည့် နယ်မြေများသာနစ်နာမည်ဖြစ်ကြောင်း၊ ယခင် ငြိမ်းချမ်းခဲ့စဉ်က ဖွံ့ဖြိုးတိုးတက်မှုရှိခဲ့ကြောင်း၊ ယခုအချိန်တွင် သေနတ်သံ၊ ဗုံးသံများ ပြန်လည်ကြားနေရကြောင်း၊ ၎င်းတို့အကြားတွင်လည်း သဘောထားကွဲလွဲမှုများရှိသည်ဟု ကြားသိခဲ့ရကြောင်း၊ KNPP က ကန့်ကွက်ထားသည့် NUG က ၎င်းတို့နယ်မြေအထဲတွင် ယင်းတို့အုပ်ချုပ်ရေးစနစ်များ၊ ကြေညာခြင်းများရှိခြင်းကြောင့် သဘောထားကွဲလွဲမှုများရှိနေကြောင်း၊ ထို့အပြင် အခြားသဘောထားကွဲလွဲမှုများလည်း ရှိသေးကြောင်း။

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး**

မိမိပြောလိုသည်မှာ EAOs အဖွဲ့များအနေဖြင့် မိမိတောင်းဆိုချက်၊ မိမိတို့၏ရပ်တည်ချက်များကို ပြန်လည်ဆန်းစစ်ရန်လိုကြောင်း၊ ခြုံငုံပြောရလျှင် တကယ်တောင်းဆိုနေသည်မှာ တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် တိုင်းရင်းသားနယ်မြေများ၏ အခွင့်အရေးဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် တိုင်းရင်းသားနယ်မြေများ၏ အခွင့်ရေးကိုရရှိရန်အတွက် မဲလိမ်၊ မဲခိုးမှုကို ရှင်းလင်းခြင်းမပြုဘဲ မဲလိမ်မဲခိုးမှုကိုရှင်းနိုင်သည့် အခွင့်အရေးများ၊ ညှိနှိုင်းနိုင်သည့်အခွင့်အရေးများ ပေးထားလျက် မရှင်းဘဲ အကြမ်းဖက်လုပ်ရပ်ကို ရွေးချယ်ပြီး ထွက်ပြေးသွားသည့် လူများကို ထောက်ခံမှု၊ ပံ့ပိုးမှု EAOs များ တောင်းဆိုနေသည့် တိုင်းရင်းသားများ၏အခွင့်အရေး၊ တိုင်းရင်းသားနယ်မြေများ၏ အခွင့်အရေးကရမည်လား၊ နံပါတ်တစ်အနေဖြင့် ယင်းအချက်ကို စဉ်းစားရန်လိုကြောင်း၊ နံပါတ်နှစ်အနေဖြင့် ဖြစ်တည်မှုသမိုင်းကြောင်း၊ ရပ်တည်ချက်များ မတူညီသည်ကို သတိပြုရန်လိုကြောင်း၊ ဖြစ်တည်မှုသမိုင်းကြောင်း ရပ်တည်ချက်များ မတူညီပါက မည်သည့်အကြောင်းများဖြစ်လာနိုင်မည်ကိုလည်း သိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြောကြားခြင်းဖြစ်ကြောင်း၊ အကြောင်းမဲ့ပြောခြင်းမဟုတ်ကြောင်း၊ ပဲခူးရိုးမမှ ဗကပ(ဗဟို) အရှေ့မြောက်ဒေသကို ရောက်သွားသည့်အချိန်တွင် အရှေ့မြောက်ဒေသဖြစ်သွားသည်ကို မိမိပြောခြင်းဖြစ်ကြောင်း၊ အရှေ့မြောက်ဒေသ၌ ဗကပချုပ်ငြိမ်းသွားသည့်အချိန်တွင် ယင်းဒေသ မည်သို့ဖြစ်သွားသည်ဆိုသည်ကို မိမိပြောခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ မိမိပြောလိုသည်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် တံခါးဖွင့်နိုင်သမျှဖွင့်၍ ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် EAOs များအနေဖြင့် မိမိတို့၏ တိုင်းရင်းသားဒေသများ၏အကျိုး၊ မိမိတို့၏နယ်မြေဒေသအကျိုး၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးအကျိုး၊ တိုးတက်ဖွံ့ဖြိုးလိုသည့်အကျိုးများကို ရှေးရှုပြီး ပူးပေါင်းပါဝင်လက်တွဲကာ ဆောင်ရွက်နိုင်ပါက မိမိတို့အာမခံထားသည့် တပ်မတော်နှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို အာမခံပြီးဖြစ်ကြောင်း၊ အာမခံသည်ကို ပြန်လည်ခွဲခြမ်းစိတ်ဖြာကြည့်မည်ဆိုပါက နံပါတ်တစ်အနေဖြင့် ဒီမိုကရေစီစနစ်ကို အာမခံကြောင်း၊ မည်သို့သော ဒီမိုကရေစီစနစ်လဲဆိုလျှင် ပါတီစုံဒီမိုကရေစီစနစ်ကို အာမခံကြောင်း၊ နံပါတ်နှစ်အနေဖြင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို အာမခံကြောင်း၊ EAOs များအနေဖြင့် မည်သည်ကိုတောင်းဆိုနေတာလဲဟု



အခြေခံမဲဆန္ဒရှင်စာရင်းများမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခြင်း ( ပျဉ်းမနားမြို့နယ်)

မေးလိုကြောင်း၊ တောင်းဆိုသည့်အထဲတွင် ဖက်ဒရယ်ဆိုသည့်စကားရပ်အမြဲပါလေ့ရှိကြောင်း၊ ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို အာမခံပြီးဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုသည့်နေရာတွင် လုပ်ပိုင်ခွင့် အာဏာနှင့် ခွဲဝေရယူခြင်းဆိုသည့်ကိစ္စကို မိမိတို့ပြောပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများ၊ EAOs ခေါင်းဆောင်များ သတိချပ်စေလိုသည်မှာ NLD လက်ထက်တွင် ၎င်းတို့တောင်းဆိုခဲ့သည့် ပုဒ်မ-၂၆၁ ဝန်ကြီးချုပ်ခန့်ထားရေးနှင့်ပတ်သက်၍ တောင်းဆိုခဲ့သည့်နေရာတွင် ပြည်နယ်က တိုင်းရင်းသားများ တင်လိုသည့်၊ တိုင်းရင်းသားပါတီများ တင်လိုသည့်၊ ဝန်ကြီးချုပ်တင်လျှင်ကောင်းမည်ဟုဆိုသည့် အဆိုကို ပထမဆုံးထောက်ခံခဲ့သည်မှာ တပ်မတော်သာဖြစ်သည်ကို မမေ့ရန်လိုသည်ဟု မိမိပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**ငြိမ်းချမ်းရေးဖော်ဆောင်မှု ဆွေးနွေးပွဲများ**

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က မိမိအနေဖြင့် မေးခွန်းမမေးမီ ဗိုလ်ချုပ်မီဒီယာများကို ဖြေကြားပေးရန် မေးခွန်းထုတ်သွားတာရှိပါကြောင်း၊ ထိုထဲမှ မေးခွန်းတစ်ခုကို ဖြေကြားလိုပါကြောင်း၊ UEC အနေဖြင့် မဲစာရင်းမှားယွင်းမှုကိစ္စနှင့် ပတ်သက်ပြီး မီဒီယာများအနေနှင့် မေးမြန်းမှုများရှိပါသလား၊ ၎င်းတို့ကဖြေကြားမှုရှိခဲ့လားဆိုသည်ကို မိမိပြောကြားလိုကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိကိုယ်တိုင် ကြုံတွေ့ခဲ့ရသည်မှာ မိမိသည်မဲရုံတစ်ရုံကိုသွားကြောင်း၊ မဲရုံမှူးနှင့် အဆင်ပြေကြောင်း၊ မဲရုံထဲတွင် ရိုက်ကူးရေးလုပ်၍ရကြောင်း၊ ထိုအချိန်တွင် မဲရုံ၏အပြင်၌ရှိနေသည့် အဖွဲ့တစ်ဖွဲ့က ကန့်ကွက်မှုများလုပ်ပြီး ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကို လှမ်းပြီးအကြောင်းကြားကြောင်း၊ ရပ်/ကျေးဥက္ကဋ္ဌနှင့် မိမိက ကြိုတင်မဲပေးသည့်အချိန်တွင် ရင်းနှီးပြီးသားဖြစ်ကြောင်း၊ သို့သော် ၎င်းဥက္ကဋ္ဌရောက်လာပြီး မိမိရိုက်ပြီးသားဓာတ်ပုံများကို ပြခိုင်းခဲ့ကာ တရားဥပဒေအရ တရားစွဲခံရမည်ဟု ပြောသည်အထိရှိခဲ့ကြောင်း၊ ထိုနေ့က ဖြစ်စဉ်ကို စာနယ်ဇင်းကောင်စီအတွင်းရေးမှူးဖြစ်သည့် ဦးမြင့်ကျော်ထံ သတင်းပို့ခဲ့ကြောင်း၊ အဘယ်ကြောင့် ထိုသို့သတင်းပို့ရသည်ဆိုပါက အကယ်၍ မိမိအဖမ်းအဆီးခံရမည်ဆိုပါက စာနယ်ဇင်းကောင်စီအနေဖြင့် ရှင်းလင်း၍ ရနိုင်ရန်ဖြစ်ကြောင်း၊ ထိုကဲ့သို့ပင် ရွေးကောက်ပြီးသည့်အချိန်တွင် UEC ကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် သတင်းထောက်ညီမငယ်တစ်ဦးက နေပြည်တော်မဲရုံတွင်ဖြစ်ပေါ်ခဲ့သည့် ၎င်း၏ကိုယ်တွေ့မှားယွင်းနေသည့်ကိစ္စများ ပြောပြသည့်အချိန်၌ တာဝန်ဝတ္တရားနှောင့်ယှက်မှုနှင့် တရားစွဲခံရမည်ဟုပြောသွားသည့်ကိစ္စမှာ ရုပ်သံဗီဒီယိုဖိုင်များလည်းရှိကြောင်း၊ ထိုသို့ပြောဆိုခဲ့သည့်အပြင် အချက်အလက်ခိုင်ခိုင်မာမာနှင့် ပြောသွားသည်ကို “စိတ်ကူးယဉ်ဆန်နေတာလား” ဆိုသည့် ပြောကြားမှုမျိုးရှိခဲ့ကြောင်း၊ ထိုကိစ္စများဖြစ်ပွားပြီးသည့်နောက်ပိုင်းတွင် မီဒီယာများသည် UEC နှင့် မဲကိစ္စများနှင့်ပတ်သက်၍ ထိုအချိန်က ရှေ့ဆက်ပြောဆိုရန် မဖြစ်နိုင်တော့သည်ကို သဘောပေါက်သွားကြောင်း၊ ထိုကိစ္စကဗိုလ်ချုပ်မေးသည့် မေးခွန်းကို ဖြေပြီးသားဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အကြံပေးသည့်ကိစ္စနှင့်ပတ်သက်၍ အကြံပြုလိုသည်မှာ လာမည့်ရွေးကောက်ပွဲတွင် လက်ရှိ UEC အနေဖြင့် အလားတူ ဖြစ်စဉ်မျိုးအား စံနမူနာထား၍ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း၊ မိမိအနေဖြင့် အကြံပြုတိုက်တွန်းလိုသည့် အကြောင်းအရာ တစ်ခုရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး အရှေ့ပိုင်းတွင် ဗိုလ်ချုပ်ပြောခဲ့ကြောင်း၊ သတင်းသမားတစ်ယောက်၏ မေးမြန်းမှုကို ဖြေကြားသည့်အချိန်တွင် မီဒီယာများသည် စတုတ္ထမဏ္ဍိုင်တစ်ခုအနေဖြင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဆွေးနွေးပွဲများ လုပ်ဆောင်နေသည့်အချိန်တွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် ပြောခဲ့ကြောင်း။

NLD အစိုးရလက်ထက်က ဖမ်းဆီးခံခဲ့ရပြီး လက်ရှိအကျဉ်းထောင်ထဲတွင် ရှိနေဆဲဖြစ်သည့် ပုဂ္ဂိုလ်များအထဲတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ထိထိရောက်ရောက် အကျိုးဆောင်ပေးနိုင်သည့် ပုဂ္ဂိုလ်များရှိနေကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီး အနေဖြင့် သာသနာရေးဝန်ကြီးဟောင်းဖြစ်သည့် ဦးအောင်ကိုအားပြစ်ဒဏ်ထက်ဝက်လျှော့ချပေးလိုက်သည်ဆိုသည့်ကိစ္စကို နိုင်ငံတော်အမိန့်ပြန်တမ်းနှင့် ထုတ်ပြန်ခဲ့ကြောင်း၊ မိမိပြောသွားသည့် ငြိမ်းချမ်းရေး အကျိုးဆောင်ပုဂ္ဂိုလ်များအနက် လက်ရှိကာလတွင် ပြစ်ဒဏ်အနည်းငယ်သာကျန်တော့သည့် ပုဂ္ဂိုလ်များလည်းရှိကြောင်း။

**၅၀ ရာခိုင်နှုန်းအထက်၌ရှိ**

NLD ပါတီ၏နိုင်ငံရေးအကောက်ကြံမှုကြောင့် လက်ရှိအကျဉ်းကျခံနေရသည့် UDP ပါတီဥက္ကဋ္ဌနှင်းဆီ ဦးကျော်မြင့်ဆိုလျှင် လက်ရှိပြစ်ဒဏ်ကာလမှာ တစ်နှစ်ကျော်သာ ကျန်တော့ကြောင်း၊ အရှေ့ပိုင်းတွင် လွှတ်ပေးခဲ့သည့် အချို့ပုဂ္ဂိုလ်များဆိုလျှင် ပြစ်ဒဏ် ၁၂ နှစ်ကို ခြောက်နှစ်အထိ လျှော့ချပေးခဲ့ကြောင်း၊ ဦးကျော်မြင့်ကဲ့သို့ ပုဂ္ဂိုလ်မျိုးဆိုပါက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက် ထဲထဲဝင်ဝင်ရှိသည်ကို အကြံပြုလိုကြောင်း၊ ဦးကျော်မြင့်၏ ယောက္ခမဆိုလျှင် ဗကပကာလက စစ်ဦးစီးချုပ်ဖြစ်ခဲ့ကြောင်း၊ “ဝ”ဒေသတွင်လည်း ဗဟိုကော်မတီဝင်ဖြစ်ခဲ့ကြောင်း၊ ဦးကျော်မြင့်ကိုယ်တိုင်မှာလည်း ထိုအချိန်က ဗျူဟာမှူးတစ်ဦးအဆင့်ရှိခဲ့သကဲ့သို့ လက်ရှိ မြောက်ပိုင်းရှစ်ဖွဲ့၏ ခေါင်းဆောင်ဖြစ်သည့် UWSA ဦးပေါက်ယူချမ်းနှင့်လည်း သွေးသောက်ညီအစ်ကိုဖြစ်ခဲ့ကြောင်း၊ ယခုငြိမ်းချမ်းရေး ဖော်ဆောင်မှုတွင် ၎င်းအပါအဝင် ကျန်သည့်ပုဂ္ဂိုလ်များလည်းရှိကြောင်း၊ မိမိအနေဖြင့် နာမည်မမှတ်မိကြောင်း၊ ၎င်းပုဂ္ဂိုလ်များကို ပူးပေါင်းဆောင်ရွက်ရန် ဗိုလ်ချုပ်တို့အနေဖြင့် ဖိတ်ခေါ်ပြီး ၎င်းတို့၏ပြစ်ဒဏ်များကို ပြန်လည်လွတ်ငြိမ်းခွင့်ပေး၍ ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊ ယခုလက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အဆင်ပြေအောင်မြင်၍ တိုင်းပြည်ငြိမ်းချမ်းသွားပြီဆိုပါက အနာဂတ်ကာလတွင် မြေပေါ်မြေအောက်ပေါင်းစပ်မှု ဖြစ်သွားပြီးဖြစ်သည့်အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်တိုးမြှင့်လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ အောင်မြင်ရန် အလားအလာမှာ ဗိုလ်ချုပ်ပြောသွားသည့် အချက်အလက်များနှင့် မြေပြင်အခြေအနေအရ လက်ရှိတွင် ၅၀ ရာခိုင်နှုန်းအထက်၌ ရှိနေကြောင်း၊ ကျန်သည့်ကိစ္စအနည်းငယ်ကိုသာ အားစိုက်ထုတ်ရန်လိုသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နစကအနေဖြင့် လက်ရှိတွင် လုပ်ငန်းအစီအစဉ်၊ စီမံချက်များ ရေးဆွဲထားပြီးဖြစ်သည်ဟုလည်း ကြားရကြောင်း၊ ၎င်းကိစ္စများကို ပြည်သူများ သိရှိနိုင်ရန် မည်သည့်အချိန်တွင် ချပြမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ မိမိတို့လုပ်ဆောင်ထားသည့်ကိစ္စများ ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း မကြာခဏပြောကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ၂၀၂၂ ခုနှစ်တွင် လုပ်ဆောင်သွားမည့် မဟာဗျူဟာများ၊ နည်းဗျူဟာများ ရှိပြီးဖြစ်ကြောင်း၊ မိမိတို့အစိုးရသည် (intern) အစိုးရဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်း၌ အကြားအလပ်မရှိ ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို General election ဆိုသည့် နာမည်နှင့်အညီ တစ်နိုင်ငံလုံး ပျံ့ပျံ့နှံ့နှံ့ မျှမျှတတ ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကိစ္စများပြီးပါက မိမိတို့အနေဖြင့် မိမိတို့၏ တာဝန်များကိုသာ ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း။

မိမိတို့လက်ရှိတာဝန်ယူဆဲကာလ၌ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် အမျိုးသားရေးရည်မှန်းချက် ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကိစ္စကိုလည်း ပြည်သူလူထုအား ပြောပြီးဖြစ်ကြောင်း၊ မိမိတို့ ယခုဆောင်ရွက်နေသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်၊ နိုင်ငံတော်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ကိစ္စများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အသေးစိတ်အစီအစဉ်များကို Cabinet အစည်းအဝေးများ၊ မိန့်ခွန်းများနှင့် ကောင်စီအစည်းအဝေးများတွင် မကြာခဏပြောပြီးဖြစ်ကြောင်း၊ ထိုသို့ပြောကြားချက်များရှိသည်ဟု ရိုးရိုးသားသားဝန်ခံကြောင်း ပြန်လည်ဖြေကြားသည်။

**ကူးစက်မှုနှုန်း သုည ဒသမ ၁၉ ရာခိုင်နှုန်းခန့်သာရှိ**

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ဆက်လက်မေးမြန်းရာတွင် မူဝါဒပိုင်းဆိုင်ရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်ငါးချက်တွင် ပါဝင်သည့် ကိုဗစ်ကိစ္စနှင့်ပတ်သက်၍ ပြောရလျှင် မည်သို့ပင်ဆိုစေကာမူ အောင်မြင်သွားပြီဟု ပြောလိုကြောင်း၊ ယမန်နေ့အထိဆိုလျှင် ကူးစက်မှုနှုန်း သုည ဒသမ ၁၉ ရာခိုင်နှုန်းခန့်သာရှိတော့သည်ကို တွေ့ရကြောင်း၊ ကျန်သည့်လေးချက်ကိုလည်း ဆက်လက်လုပ်ဆောင်နေသည်ကိုတွေ့ရကြောင်း၊ လတ်တလောတွင် မြေပြင်၊ လူမှုကွန်ရက်များနှင့် နိုင်ငံရေးအသိုင်းအဝိုင်းများအကြားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မူဝါဒများ ပြောင်းလဲနိုင်သည်ဆိုသည့် ပြောဆိုမှုများကို ကြားရကြောင်း၊ ထိုသတင်းအချက်အလက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် မူဝါဒများပြောင်းလဲရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်ကဲ့သို့သော အစီအစဉ်မျိုးဖြစ်သည်ကို သိလိုကြောင်း မေးမြန်းသည်။ **စာမျက်နှာ ၁၂ သို့** ■

# တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

နေပြည်တော် မေ ၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၄ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက် မေ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၃ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော မူလအဘိဓမ္မကောဝိဒ တစ်ပါး၊ ဒီဃနိကာယကောဝိဒ တစ်ပါး၊ ဝိနယကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၀ ပါး၊ စာအောင်သံဃာအပါး ၂၀ စုစုပေါင်း သံဃာတော် ၅၃ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ၀၉-၈၈၀၅၆၀၇၉၀၊ ၀၉-၄၄၃၁၉၀၁၉၃၊ ၀၁-၆၆၄၅၇၈ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ အရှိန်အဟုန်မပြတ်နှင့် အချိန်ကိုက်ဆက်လက်ဆောင်ရွက်နိုင်ရန် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များ စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာ



နေပြည်တော် မေ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့စစ်ဆေးရာတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် မိုးရာသီကာလအတွင်း အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်မှုအပေါ် ဘေးအန္တရာယ်ဆိုင်ရာဖြစ်စဉ်များ ဖြစ်ပွားနိုင်မှုအခြေအနေ၊ မိုးရွာသွန်းနိုင်မှု၊ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်မှု၊ အပူချိန်မြင့်တက်နိုင်မှု၊ ယင်းတို့နှင့်ဆက်စပ်ပြီး တောမီးလောင်ခြင်း၊ မိုးကြိုးပစ်ခြင်း စသည့်ရာသီဥတုနှင့် ဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များကို ဌာနကြီးမှူး ဒေါ်သီရိမောင်က ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များ ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် အမြဲအသင့်ဖြစ်စေရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပြီးခဲ့သည့်မတ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် အားကောင်းသောမုန်တိုင်းငယ် (91B INVEST) နှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ခဲ့မှု အတွေ့အကြုံကောင်းများကိုအခြေခံကာ လာမည့် မိုးရာသီကာလအတွက် အလေ့အကျင့်ကောင်းများအဖြစ် မိမိတို့ရရှိထားခဲ့ပါကြောင်း၊ သဘာဝဘေး တုံ့ပြန်ရေးတွင် စနစ်တကျ စီမံဆောင်ရွက်ထားရှိမှုသည် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အားလျော်စွာ လာမည့်မုတ်သုံရာသီအတွင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ အရှိန်အဟုန်မပြတ်နှင့် အချိန်ကိုက်ဆက်လက်ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များ စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မိုးကြိုကာလတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ မပြတ်ပြုလုပ်ထားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၁၁ မှ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုလတ်တလောတွင် အစီအစဉ်မရှိသေးကြောင်း၊ မိမိတို့ထုတ်ပြန်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်၊ ဦးတည်ချက်(၉)ရပ် အတိုင်းသာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည့် နှစ်ပတ်လည်မိန့်ခွန်းတွင်ပါပြီးဖြစ်သည့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်အား ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်၍ ငြိမ်းချမ်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားအစီအစဉ်များမရှိကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က မိမိမေးမြန်းသည့်ပထမမေးခွန်းတွင် အချက်တစ်ချက်ကျန်ခဲ့ကြောင်း၊ အနာဂတ်ငြိမ်းချမ်းရေးဖြစ်စဉ် ဖော်ဆောင်မှုနှင့်ပတ်သက်ကြောင်း မေးမြန်းသည်။

**ငြိမ်းချမ်းရေးအောင်မြင်အောင်လုပ်ဆောင်ရန်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထိုကိစ္စကို မိမိဖြေခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့သည် intern အစိုးရဖြစ်ကြောင်း၊ မိမိတို့၏ရည်မှန်းချက်များတွင် ငြိမ်းချမ်းရေးအောင်မြင်အောင် လုပ်ဆောင်ရန် လုပ်ငန်းစဉ်များရှိသည်ကို ရိုးရိုးသားသားဝန်ခံကြောင်း၊ အနာဂတ်တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရန် နောင်တက်လာမည့်အစိုးရက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တွင် လတ်တလောအစီအစဉ်မရှိသည်ကိုလည်း ရိုးရိုးသားသားဝန်ခံသည်ဟု ပြောပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**General Life သတင်းဌာနမှ သတင်းထောက် ဦးအောင်ထူးထက်**က မိမိအနေဖြင့် လက်ရှိမြေယာကိစ္စကို မေးမြန်းလိုကြောင်း ယခင်က တပ်မတော်မှ လိုအပ်ချက်အရ သိမ်းယူခဲ့သည့်မြေများကို ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ပြန်လည်စွန့်လွှတ်ခြင်းများရှိကြောင်း၊ စွန့်လွှတ်မြေများသည် မူလသိမ်းဆည်းခံတောင်သူများထံ တပ်မတော်မှ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ပြန်လည်စွန့်လွှတ်ခြင်းဖြစ်ကြောင်း၊ သို့သော် မြေပြင်ပကတိအခြေအနေတွင် တောင်သူများလက်ဝယ်သို့ တိုက်ရိုက်ရောက်ရှိသည်များလည်းရှိကြောင်း၊ အခြားသောမြေနှင့် မသက်ဆိုင်သောသူများထံသို့လည်း ရောက်ရှိသွားသည်များလည်း တွေ့ရကြောင်း၊ တောင်သူများအနေဖြင့် ပထမတစ်ချက် တပ်မတော်က လိုအပ်ချက်အရ သိမ်းခဲ့သဖြင့် တစ်ကြိမ် နစ်နာကြောင်း၊ ပြန်လည်စွန့်လွှတ်သည့်အချိန်တွင် အခြားသောသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ ရယူသွားသူများရှိသဖြင့် မရရှိတော့သည့် နစ်နာမှုများရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် တပ်မတော်က လိုအပ်ချက်အရ သိမ်းဆည်းခဲ့သည့်အခြေအနေနှင့် ဖြစ်ခဲ့သည့်ကိစ္စဖြစ်၍ ယခုလက်ရှိအစိုးရလက်ထက်တွင် အကောင်းဆုံး မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းပေးရန်ရှိသည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မြေယာကိစ္စနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အကြိမ်ကြိမ် ဖြေရှင်းပေးပြီးဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ တပ်မတော်က ပြန်လည်စွန့်လွှတ်သည့် မြေယာများကို ပိုင်ရှင်လက်ဝယ်သို့ ထည့်ပေးလိုက်ခြင်းမဟုတ်ဘဲ မြေယာစီမံခန့်ခွဲပိုင်ခွင့်ရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေစာရင်းအရ စာရင်းများသာ ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကိုသာ အပ်နှံခြင်းဖြစ်ကြောင်း၊ အစိုးရကို ပြန်လည်အပ်နှံကြောင်း၊ အစိုးရက သက်ဆိုင်ရာကိုပြန်လည်အပ်နှံကြောင်း၊ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်လုပ်ရကြောင်း၊ တပ်မတော်က မူလပိုင်ရှင်ဖြစ်ခဲ့ခြင်း၊ မဖြစ်ခဲ့ခြင်းဆိုသည်မှာ ၎င်းတို့၏ စာရင်းပေါ်က်သော စိစစ်သည့်အပေါ်သာ မူတည်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ လတ်တလောပြင်ဆင်ရန်မရှိကြောင်း မြေယာနှင့်ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေစာရင်းတို့ကို ၎င်းတို့၏လုပ်ထုံးလုပ်နည်းနှင့်အညီ ရှင်းပြပေးနိုင်ရန် သတင်းစာရှင်းလင်းပွဲသို့ ခေါ်ထားကြောင်း၊ ယခုမေးခွန်းများပြီးပါက တာဝန်ရှိသူများက ရှင်းလင်းပြမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**General Life သတင်းဌာနမှ သတင်းထောက် ဦးအောင်ထူးထက်**က ၂၀၁၀ မှ ၂၀၁၅ ခုနှစ်အကြား ၂၀၁၅ မှ ၂၀၂၀ ပြည့်နှစ်အကြားတွင် စွန့်လွှတ်မြေကို ပြန်လည်ပေးအပ်နိုင်ခဲ့ခြင်းအခြေအနေ၏ ဧကကိန်းဂဏန်းကို သိလိုကြောင်းမေးမြန်းသည်။

**ပြန်လည်ပေးအပ်ခဲ့သည့် မြေပေါင်း ၂၁၂၇၂၂ ဒသမ ၃၆၂ ဧကရှိ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လက်ရှိတွင် ကိန်းဂဏန်းများကို မိမိအနေဖြင့် ဖြေရှင်းပေးနိုင်ခြင်းမရှိကြောင်း သက်ဆိုင်ရာက တောင်းခံပြီးမှသာ ဖြေနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မူဝါဒကိုသာ ဖြေနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်က လိုအပ်ချက်အရ သိမ်းဆည်းထားသည့်မြေများမှ မူဝါဒများချပြီး ပြန်လည်ပေးအပ်လျက်ရှိကြောင်း၊ လက်တွေ့တွင် ယခင်ကစီမံချက်များရှိကြောင်း၊ ယင်းစီမံချက်များကို လက်တွေ့အကောင်အထည်မဖော်ဘဲ နောင်တွင်လည်း အကောင်အထည်မဖော်ဖြစ်သည့် မြေများနှင့်ပတ်သက်၍ ပြန်လည်စွန့်လွှတ်ခြင်းများရှိကြောင်း၊ တပ်များတွင် လုံခြုံရေးအရ လိုအပ်သည့်မြေများရှိကြောင်း၊ လုံခြုံရေးအရ လိုအပ်သည့်မြေမှအပ ကျန်မြေများကို ပြန်လည်စွန့်လွှတ်ပါဟု ခိုင်းထားကြောင်း၊ တပ်မတော်အနေဖြင့် စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ စွန့်လွှတ်ခဲ့သည့် မြေများကိုလည်း သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီသာ လုပ်ရကြောင်း၊ မိမိတို့ကိုယ်တိုင်ပေး၍လည်း မရကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများကိုသာ အပ်နှံပြီးဖြစ်သည်ဟု ပြောလိုပါကြောင်း၊ ယင်းနှင့်ပတ်သက်၍ ပြည်ထဲရေးနှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိများကလည်း ဖြေကြားနိုင်သည်များ ဖြေကြားပေးရန် ပြောကြားသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ၂၀၁၆ ခုနှစ်မတိုင်ခင်တွင် တပ်မတော်အပါအဝင်ဌာနဆိုင်ရာများမှ သိမ်းဆည်းထားခဲ့သည့် မြေများမှ စွန့်လွှတ်မြေပေါင်း ၄၂၅၄၀၆ ဒသမ ၈၆ ဧက စွန့်လွှတ်ခဲ့ကြောင်း၊ ထိုအထဲမှ ဧကပေါင်း ၄၀၆၇၁၉ ဒသမ ၂၈၃ ဧကကို မူလပိုင်ရှင်လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်နောက်ပိုင်း ယခုကာလတွင် စွန့်လွှတ်မြေပေါင်း ၂၂၂၄၉၈ ဒသမ ၂၃ ဧကရှိပြီး မူလပိုင်ရှင်များလက်ထဲသို့ ပြန်လည်ပေးအပ်ခဲ့သည့် မြေပေါင်း ၂၁၂၇၂၂ ဒသမ ၃၆၂ ဧကရှိကြောင်း၊ ယင်းနေရာတွင် မေးခွန်းရှင်မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားရမည်ဆိုလျှင် ယင်းမြေများသည် သိမ်းခဲ့သည့်နှစ်ကာလမှာ မနည်းတော့ကြောင်း၊ နှစ်ကာလမှာ ၂၀/၂၅ နှစ်ရှိကြောင်း၊ ယင်းကာလတွင် သက်ရှိထင်ရှား ရှိနေသည့်သူများရှိသော်လည်း မရှိသူများလည်းရှိကြောင်း၊ သက်ရှိထင်ရှားရှိသူများအတွက် ဖြေရှင်းရလွယ်ကူသော်လည်း သက်ရှိထင်ရှားမရှိဘဲနှင့် အမွေအကြောင်းအရ တောင်းခံသည့်သူများအတွက် ၎င်းတို့၏အမွေဆိုင်ပြဿနာဆိုသည့်ကိစ္စပေါ်ပေါက်လာကြောင်း၊ ထို့ကြောင့် ယင်းကိစ္စကို တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပြီးမှသာ မူလပိုင်ရှင်ဆိုသည့်သူကို သတ်မှတ်ပြီးမှ မိမိတို့က ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက မူဝါဒ ၅၂ ချက်ကိုချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထိုမူဝါဒ ၅၂ ချက်ကိုလည်း နိုင်ငံတော်သမ္မတရုံးမှ ယင်းခေတ်ကာလက အမိန့်များထုတ်ပြီး စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ကမ္ဘာလှည့်ခရီးသည် ၃၃၂၀၅ ဦး လာရောက်လည်ပတ်ခဲ့

ဖနောင်ပင် မေ ၂

ကမ္ဘောဒီးယားနိုင်ငံ၏ နာမည်ကျော်ကမ္ဘာလှည့် ခရီးသည်များ အပန်းဖြေရာနေရာဖြစ်သည့် အန်ကောဝပ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ယခုနှစ်ပထမလေးလအတွင်း ကမ္ဘာလှည့်ခရီးသည် ၃၃၂၀၅ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ သန်း ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဧပြီလ တစ်လအတွင်း၌ပင် ကမ္ဘာလှည့်ခရီးသည် ၁၃၃၆၅ ဦး လာရောက်လည်ပတ်ခဲ့ပြီး ဝင်ငွေ အမေရိကန် ဒေါ်လာ ၅၃၇၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ကမ္ဘာလှည့်ခရီးသည်များ နိုင်ငံအတွင်းသို့ ဝင်ရောက်မှုများပြားလာခြင်းမှာ ယမန်နှစ် နိုဝင်ဘာလမှစတင်၍ နိုင်ငံ၏ နယ်စပ်ဒေသများအား ပြန်လည်ဖွင့်လှစ်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးသည့် ကမ္ဘာလှည့်ခရီးသည်များအား နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုခဲ့သောကြောင့်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဆီရမ်ယိပြည်နယ်၌ တည်ရှိသည့် အန်ကောဝပ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နေရာအဖြစ် ၁၉၉၂ ခုနှစ်တွင် ယူနက်စကိုက သတ်မှတ်ခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တစ်နေ့လျှင် ကမ္ဘာလှည့်ခရီးသည် ၇၀ ခန့်သာ လာရောက်ခဲ့ရာမှ လက်ရှိအချိန်တွင် တစ်နေ့လျှင် ကမ္ဘာလှည့်ခရီးသည် ၄၀၀ ခန့် လာရောက်လည်ပတ်လျက်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တော့ပ်ဆိုဖတ်က ပြောကြားသည်။ ၂၀၁၉ ခုနှစ်တွင် အန်ကောဝပ်



ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ကမ္ဘာလှည့် ခရီးသည် ၂ ဒသမ ၂ သန်းခန့် လာရောက်လည်ပတ်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၉၉ သန်း ရရှိကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၀၈၄ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် မေ ၂

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၀၈၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၁၇၂၉၅၇၃၃ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၂၉၅၈ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၄၈၁၅၅ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၁၂၅၂၅၇ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၄၄ သန်းကျော် ရှိလာ

**အဒစ်အဘာဘာ မေ ၂**

အာဖရိကတိုက်၌ ယမန်နေ့ ညနေပိုင်းအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၁၄၄၆၀၁၇ ဦး ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ လက်ရှိတွင် အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၅၂၁၅၇ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၁၀၈၀၃၉၉၁ ဦးရှိလာကြောင်း သိရသည်။



အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် လစ်ဗျားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၇၉၁၉၂၅ ဦးရှိကြောင်း၊ မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၆၄၉၅၃ ဦးရှိကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံဖြစ်ပွားမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံဖြစ်ပွားမှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံပြီးသူ ၁၈ သန်းနီးပါး ရှိလာ

**ဗျူနိုအေးရိစ် မေ ၂**

အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံပြီးသူပေါင်း ၁၈ သန်းနီးပါး ရှိလာကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

လက်ရှိတွင် အာဂျင်တီးနားနိုင်ငံ၌ လူဦးရေ ၄၀၇၁၄၃၀၀ သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၃၇၂၄၈၆၁၇ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် ၁၇၇၉၅၉၃၂ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားပြီးနောက်ပိုင်းမှစတင်ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၉၀၈၃၆၇၃ ဦးရှိကြောင်းနှင့် အဆိုပါ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၂၈၆၆၃ ဦးရှိကြောင်း အာဂျင်တီးနားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# ပါကစ္စတန်နိုင်ငံ၌ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မည်

**အစ္စလာမ်မာဘတ် မေ ၂**

ပါကစ္စတန်နိုင်ငံသည် နိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရသည့် တရုတ်ကျောင်းဆရာများအား သတ်ဖြတ်ခဲ့သူ အကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေးဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်ဝါဒအား တိုက်ဖျက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရာဂျာပါဗက်အာရှက်ဖ်က ယမန်နေ့တွင် ပြောကြားသည်။

ဧပြီ ၂၆ ရက်နေ့တွင် ကာရာချိတက္ကသိုလ်ရှိ ကွန်ဖြူးရှပ် အင်စတီကျု၌ ခရီးသည်တင်ဘတ်စ်ကားတစ်စီး ပေါက်ကွဲမှုဖြစ်ပွားရာ တရုတ်ကျောင်းဆရာ သုံးဦးသေဆုံးပြီး အခြားတရုတ်ကျောင်းဆရာ တစ်ဦးအပါအဝင် ပါကစ္စတန်နိုင်ငံသားအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကို ကျူးလွန်ခဲ့သူများအား ရှာဖွေဖော်ထုတ်အရေးယူသွားမည်ဖြစ်ပြီး ယခုကဲ့သို့ဆောင်ရွက်ရခြင်းမှာ ပါကစ္စတန်နိုင်ငံအတွင်းရှိ တရုတ်လူမျိုးများ၏လုံခြုံမှုကို အာမခံချက်ပေးနိုင်ရန်နှင့် နိုင်ငံအတွင်းရှိ ပညာရေးဆိုင်ရာ အဆောက်အအုံများကို ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်ချက်သာဖြစ်ကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံသားများသည် တရုတ်-ပါကစ္စတန် ဆက်ဆံရေးမြှင့်တင်ရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသူများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ပါကစ္စတန်နိုင်ငံနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ပန်ချန်ဇူက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# မွန်ဂိုလီးယားနိုင်ငံ၌ ရောဂါရှာဖွေစမ်းသပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

**အူလန်ဘာတာ မေ ၂**

မွန်ဂိုလီးယားနိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်နိုင်ရန်နှင့် ကျန်းမာသည့် လူနေထိုင်မှုပုံစံများကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတစ်ဝန်း ကင်ဆာရောဂါနှင့် နှလုံးသွေးကြောရောဂါဆိုင်ရာ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်းများကို ယမန်နေ့က စတင်ဆောင်ရွက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း မွေးကင်းစအရွယ်မှ ငါးနှစ်အထိ၊ အသက် ခြောက်နှစ်မှ ၁၇ နှစ်အထိ၊ ၁၈ နှစ်မှ ၃၀ အထိ၊ ၃၁ နှစ်မှ ၄၅ နှစ်အထိ၊ ၄၆ နှစ်မှ ၆၀ အထိနှင့် ၆၁ နှစ်နှင့် အထက်ရှိသူများအား အဆိုပါကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အရ ရောဂါရှာဖွေတွေ့ရှိခဲ့ပါက ကုသရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဟု သိရသည်။

မွန်ဂိုလီးယားအစိုးရက ချမှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၌ ပြည်သူ့ကျန်းမာရေးမြှင့်တင်ရေးနှင့် အစွမ်းထက်ထိရောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အား နိုင်ငံသားများခံစားခွင့်ရရှိရေးတို့အတွက် ရည်မှန်းချက်ထားရှိကြောင်း သိရသည်။ ယခုကဲ့သို့ နိုင်ငံအတွင်း ကင်ဆာနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများအား စောစီးစွာရှာဖွေကုသခြင်းဖြင့် အဆိုပါရောဂါများကြောင့် သေဆုံးမှုနှုန်းကို လျှော့ချနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ

နေပြည်တော် မေ ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရှောင်ကွင်းလမ်းအထွက် တိုးဂိတ်အနီးတွင် ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan UD အမျိုးအစား ခြောက်ဘီးကုန်တင်ယာဉ်တစ်စီး၊ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၁၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိသည့် အချိုရည်များကို တွေ့ရစဉ်။

## သိမ်းဆည်းရမိ

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ တရားမဝင်တင်ဆောင်လာသော M–150 အချိုရည်များ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၁ ဒသမ ၂၉၆၄ တန် **(ခန့်မှန်းတန်ဖိုးငွေ ၁၄၅၄၇၈ ကျပ်)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ်အတွင်း တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ **အမှုတွဲခြောက်မှု၊ (ခန့်မှန်းတန်ဖိုးငွေ ၃၇၄၃၀၄၇၈ ကျပ်)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ပြင်ဦးလွင်၊ မိုးကုတ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် တန့်ယန်းမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁ ရက် ညနေ ၄ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် မဲတော ကျေးရွာအုပ်စု မဲတောကျေးရွာ အနီး မိုးကုတ်–ပြင်ဦးလွင်သွားကားလမ်းတွင် ကျော်စွာမြင့် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ကျောက်တလုံးကျေးရွာအုပ်စု လယ်ကြီးကျေးရွာရှိ စစ်ဆေးရေးစခန်းတွင် ဗျာဆာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ကိုလည်းကောင်း။



ကျော်စွာမြင့်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## သိမ်းဆည်းရမိ

အလားတူ ယင်းနေ့မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပ မြို့နယ် (၄)ရပ်ကွက် သုဓမ္မာလမ်းတွင် လှိုင်မင်းအောင် (ခ) ဖိုးသားကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၂)(က)ရပ်ကွက် သုခိတာလမ်းနေ အောင်ပိုင်ဖြိုး (ခ) အောင်ဖြိုး၏ နေအိမ်ကို သွားရောက်စစ်ဆေးရှာဖွေရာ ၎င်းနှင့်အတူ ချစ်ငြိမ်းအောင် (ခ) ခြင်ကြီးကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ကို လည်းကောင်း၊ ယင်းနေ့ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ်(၁၀ ) ရပ်ကွက်တွင် ညိုမင်းလွင်ကို ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ "စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲ၍ ကိုရင်ငယ်နှစ်ပါး သေဆုံးကာ ကိုရင်ငယ်တစ်ပါး ဒဏ်ရာရရှိမှု" ခေါင်းစဉ်ဖြင့် မေ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "လူငယ်များရဲ့ ပညာသင်ကြားရေးကို ခြိမ်းခြောက်နေသော အနာဂတ်ကို အညွန့်ချိုးနေတဲ့ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများ" နှင့်ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၅-၂၀၂၂ အင်္ဂါနေ့

### MRTV HD

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၉:၂၀** ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- **၀၉:၃၀** Road to 31st SEA Games Vietnam (ပြေးခုန်ပစ်)
- **၀၉:၄၀** ဝင်ငွေသေချာ ရွှေနေကြာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၂၅** ပြည်သူများယုံကြည်အားကိုးရမည့် ဗိုးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့် လေ့ကျင့်နေမှုများ
- **၁၃:၃၀** MRTV National News
- **၁၅:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'ထာဝရမိတ်ဆွေဖြစ်ပါစေ'
- **၁၆:၃၅** အိုဘယ့်စတော်ဘယ်ရီ
- **၁၇:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဧပြီလ)(တတိယပိုင်း)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၁၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ငအောင်ဖွဲ့ပဏ္ဍိုင် ရင်ဆိုင်ချီတက်' (အပိုင်း–၂၉)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးပြတ်ကျော် စုံစမ်းထောက်လှမ်း' (အပိုင်း–၁၈)

### mitv

- **07:01** Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- **07:07** Robe Business in Ta Ma Ta Kaw
- **07:21** Trishaw Man
- **07:27** Let's Taste Delicious Insects
- **07:39** Karunar Kabar Home for the Aged (Nay Pyi Taw)
- **08:01** Introductory Programme of Literary Award Winners (U Ye Dway)
- **08:24** Kyauk Gu Umin Cave Gu Pha Ya
- **08:40** Star Bean Production
- **09:01** News
- **09:27** Global Partnership for Brighter Future: Australia Pavilion at Expo 2020 Dubai
- **09:34** Myanmar Puppeteers (Duet Dance)
- **09:45** A Simple And Peaceful Life

### MRTV NRC

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဖိုင်းဖြူရွာက ရေလုပ်သားကြီးဘဝ
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ခံတွင်းမြိန်စေမဲ့ ဒေါ်လေးရဲ့လက်ရာ
- **ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** သင်မယ်၊ ရေးမယ်၊ တို့ချင်းစာ (အပိုင်း–၂၄)
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** မျိုးဆက်အတွက်ဆုတောင်းခြင်း
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** ကျိုက္ကမီရေလယ်နှင့်စက်စဲကမ်းခြေသို့ အလည်တစ်ခေါက်
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း–၃)
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း–၁၁)
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** လားရှိုးသို့ အလည်တစ်ခေါက်
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး
- **ကယား (၂၀:၀၀ မှ ၂၁:၀၀)** အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး
- **ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** ပျောက်ကွယ်လုနီးပါး ဂေဘားတိုင်းရင်းသားတို့ရဲ့ တင်းဝါးပလွေများ

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကွက်လပ်ဖြည့်ပါ'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၈)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ) (အပိုင်း–၁)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း–၈)

### MRTV FARMERS'

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** စက်မှုလယ်ယာခေတ်သစ်ဆီ အားသစ်လောင်းလို့လက်တွဲညီ
- **၀၇:၁၅** ပြုံးပန်းဝေဖြာတို့တောရွာ
- **၀၇:၅၅** ပန်းမျိုးရင်းများစုဆောင်းသစ်ခွမျိုးများအကြောင်း
- **၀၈:၃၃** လယ်ယာဏ္ဍဖွံ့ဖြိုးဖို့ သုတေသနများ ဆောင်ရွက်ကြပါစို့
- **၀၉:၂၅** ဂျူးစိုက်မြေသို့ခရီးတစ်ခေါက်

### MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့မှ အပြစ်မဲ့ပြည်သူ အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့အား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ကာ ရက်စက်စွာသတ်ဖြတ်

နေပြည်တော် မေ ၂

နိုင်ငံရေးအစွန်းရောက် PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် အချို့မြို့နယ်များရှိ ကျေးရွာများမှ ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူလူထုတို့အား စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့အပေါ် ထောက်ခံအားပေးရန်၊ ဆက်ကြေးများပေးဆောင်လာစေရန် ပြည်သူလူထုအပေါ် အကြောက်တရားဖြင့် လွှမ်းမိုးချုပ်ကိုင်နိုင်ရေး အပြစ်မဲ့ပြည်သူများအား သတင်းပေးဒလန်များအဖြစ်စွပ်စွဲ၍ သတ်ဖြတ်ခြင်း၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အဦများနှင့် လူနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အကြမ်းဖက်လုပ်ရပ်မှန်သမျှကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့မှ အပြစ်မဲ့ပြည်သူ အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ကာ ရက်စက်စွာသတ်ဖြတ်ခဲ့သဖြင့် သေဆုံးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီလ ၃၀ ရက်နေ့ ညနေ ၃ နာရီအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပဒတ္ထိုင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားအင်အား ၈၀ ခန့်သည် မော်တော်ယာဉ်များ စီးနင်းကာ သေနတ်များပစ်ဖောက် ဝင်ရောက်လာပြီး ကျေးရွာအတွင်း နေထိုင်ကြသူများဖြစ်သည့် ဦးထွန်းနိုင် (၄၇)နှစ် (ဘ)ဦးတင်ထွန်း၊ ဦးပြေအေး (၄၄)နှစ် (ဘ)ဦးတင်ထွန်း၊ ဦးဇော်မြင့် (၅၂)နှစ် (ဘ) ဦးလှဝင်း၊ ဦးစန်းထူး (၃၆)နှစ် (ဘ)ဦးထိန်ဝင်း၊ ဦးဆန်းဦး (၃၃)နှစ် (ဘ)ဦးထိန်ဝင်း၊ ဦးမျိုးဆန်း (၂၈)နှစ် (ဘ)ဦးဇော်မြင့်၊ ဦးတင်ဝမ်း (၃၅)နှစ် (ဘ)ဦးတင်ထွန်း၊ ဦးချစ်သကြ်န်ဟိန်း (၃၃)နှစ် (ဘ) ဦးထိန်ဝင်း၊ ဒေါ်တင်မေငွေ (၄၀)နှစ် (ဘ)ဦးတင်ထွန်းနှင့် ဒေါ်တင်မေရီ (၅၁)နှစ် (ဘ)ဦးတင်ထွန်း၊ ဒေါ်ကြည်ငွေ (၆၂)နှစ်(ဘ) ဦးတင်ထွန်း၊ ဒေါ်သဥ္ဇာဝင်း (၃၅)နှစ် (ဘ) ဦးထိန်ဝင်း၊ ဒေါ်တင်မေအေး (၄၃)နှစ် (ဘ) ဦးတင်ထွန်း၊ မအေမီကျော် (၂၃)နှစ် (ဘ) ဦးထွန်းနိုင်နှင့် မအေမီသင်း (၁၉)နှစ် (ဘ) ဦးထွန်းနိုင်တို့ ၁၅ ဦးအား ကျေးရွာအပြင်ဘက်ရှိ သုသာန်သို့ မော်တော်ယာဉ်များဖြင့်တင်ဆောင်ကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး သုသာန်အတွင်း၌ ၎င်းတို့အား ကြိုးများဖြင့် ချည်နှောင်ပြီး ညှဉ်းပန်းနှိပ်စက်ကာ "သတင်းပေး၊ ဒလန်များ"ဟု စွပ်စွဲပြောဆို၍ ဖမ်းဆီးခေါ်ဆောင်သွားသူ ၁၅ ဦးအနက် ဦးထွန်းနိုင်ပါ အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား သေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်ကာ အလောင်းများအား မီးရှို့ခဲ့ပြီး ဒေါ်ကြည်ငွေ၊ ဒေါ်သဥ္ဇာဝင်း၊ ဒေါ်တင်မေအေး၊ မအေမီကျော်နှင့် မအေမီသင်းတို့ ငါးဦးအား ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မေလ ၁ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကင်မွန်းတော်ကျေးရွာနေသူများဖြစ်သည့် ဦးပြားကြီး (၃၈)နှစ်(ဘ) စိစစ်ဆဲ၊ ဦးနန်းထိုက် (၃၅)နှစ် (ဘ) ဦးစိုးတင့်၊ ဦးစိုးသန်း (၄၅)နှစ် (ဘ)ဦးရွှေ၊ ဦးကျော်ရွှေ (၄၃)နှစ်(ဘ) ဦးမြသိန်း၊ ဦးဇော် (၄၈)နှစ် (ဘ) ဦးသန်းမောင်၊ ဦးမင်း(၄၀)နှစ်(ဘ) ဦးထွန်းရှိန်၊ ဦးမင်း(၄၃)နှစ် (ဘ)ဦးထွန်းရှိန်၊ ဦးလှိုင်မျိုးထွန်း (၃၃)နှစ် (ဘ) ဦးတင်ဝင်း၊ ဒေါ်စန်းညွန့်စိန် (၄၆)နှစ်(ဘ) ဦးထွန်းရှိန်၊ ဒေါ်ယဉ်မာငွေ (၃၈)နှစ် (ဘ) ဦးလင်း၊ ဒေါ်တင်မော် (၄၂)နှစ် (ဘ) ဦးစိန်ထွေး၊ မသက်နှင်းဝေ (၁၉)နှစ် (ဘ) ဦးပြားကြီး၊ မသွယ်ဇင်ဝင်း (၁၈)နှစ် (ဘ)ဦးကိုဦးတို့ ၁၃ ဦးသည် ကင်မွန်းထော်ကျေးရွာမှ အမြင့်ကျေးရွာသို့ ဈေးဝယ်ရန် ထွက်ခွာလာစဉ် PDF အမည်ခံအကြမ်းဖက်သမားများက တောကျောင်းလေးကျေးရွာအနီးအရောက်၌ ၎င်းတို့ ၁၃ ဦးအား ခြိမ်းခြောက်ကာဖမ်းဆီးခေါ်ဆောင်သွားပြီး ငါးလုံးတင်ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ ချောင်းရိုးအတွင်း၌ "သတင်းပေး၊ ဒလန်များ"ဟု စွပ်စွဲကာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ အလောင်းများအား ချောင်းရိုးအတွင်း စွန့်ပစ်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများအား အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးခေါ်ဆောင်ကာ လူအုပ်စုလိုက်အား ရက်စက်စွာ သတ်ဖြတ်ခဲ့မှုများ ကျူးလွန်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများအား ရပ်ရွာလူထုတို့မှလည်း ကြောက်ရွံ့မုန်းတီးလျက်ရှိပြီး အမြန်ဆုံးဖမ်းဆီးအရေးယူပေးနိုင်ရေး လိုလားလျက်ရှိကြောင်း၊ ၎င်းအကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေးအတွက် နယ်မြေခံတပ်မတော်စစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များ ချုပ်ငြိမ်းပြီး ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ရပ်ရွာလူထုတို့မှလည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် လှပခြင်းကျေးရွာနေ စန်းနိုင်(ခ)ရာဇာကြီးသည် ၎င်းအသုံးပြုသည့် "Yarzar Gyi" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက်နေ သူရအောင်သည် ၎င်းအသုံးပြုသည့် "Thuya Aung" Facebook အကောင့်၊ လှိုင်မြို့နယ် အမှတ်(၈) ရပ်ကွက်နေ ဝင့်မာလာမြင့်သည် ၎င်းအသုံးပြုသည့် "Wint Marlar Myint" Facebook အကောင့်၊ စမ်းချောင်းမြို့နယ် ဝေ(မြောက်)ရပ်ကွက်နေ ကျော်ဇင်သွင်(ခ)ရှဲဒိုး(ခ) ကျော်ကြီးသည် ၎င်းအသုံးပြုသည့် "Kyaw Zin Thwin" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် စူလီပန်းကျေးရွာနေ စိုးမင်းထွေး၊ ပန်းတိုင်တော(အနောက်)ကျေးရွာနေ ရွှေစင်မိုး၊ အောင်သုခကျေးရွာနေ မော်လီရွှန်းတို့သည် ၎င်းတို့ အသုံးပြုသည့် "Soe Min Htwe" Facebook အကောင့်၊ "Shwe Sin Moe" Facebook အကောင့်၊ "Maw Lee Shwann" Facebook အကောင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၄)ရပ်ကွက်နေ သူဇာအောင်(ခ) မီးမီး (၃၆)နှစ်သည် ၎င်းအသုံးပြုသည့် "Mee Mee" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်သည်။

သတင်းစဉ်

# ဟင်္သာတမြို့နယ်အတွင်း ကျေးရွာရှစ်ရွာမှ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းနှင့်ငွေများ ပေးအပ်

ဟင်္သာတ မေ ၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မေ ၁ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ကြပ်ကလေးအုပ်စု၊ ရှားဖြူကုန်းအုပ်စု၊ ကြခတ်ကွင်းအုပ်စု၊ အဒါးဆင်ခေါင်းကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာခွဲ ရှစ်ရွာတွင် ပြိုကြပျက်စီးခဲ့သော အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်ထောက်ပံ့ခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာများတွင် ပြုလုပ်ခဲ့သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်နှင့် တာဝန်ရှိသူများက ပြိုကျအိမ်ခြေလေးလုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးအိမ်ခြေ ၁၂ လုံးတို့မှ အိမ်ထောင်စုများနှင့် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းတို့အတွက် ထောက်ပံ့ငွေကျပ်စုစုပေါင်း ၁၄၄၇၃၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းတို့ကို ကျေးရွာနေအိမ်များအရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဇော်

# တိုက်ကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် စင်ကာပူမြန်မာအသင်းက စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်း




တိုက်ကြီး မေ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာနေ ဒေသခံပြည်သူများအား စင်ကာပူမြန်မာအသင်းက အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် စင်ကာပူမြန်မာအသင်းမှ တာဝန်ရှိသူများက အိမ်ထောင်စု ၅၀၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာဘူးများကို ပေးအပ်လှူဒါန်းရာ ဒေသခံပြည်သူများက လက်ခံရယူကြသည်။ အဆိုပါလှူဒါန်းပွဲ အခမ်းအနားသို့ တိုက်ကြီးမြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုနေ ပြည်သူ ၈၀ တက်ရောက်ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း

# စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး ပြည်နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**တောင်ကြီး မေ ၂**

မြို့နယ်ပညာရေးမှူးများနှင့် အထက်တန်းကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး ပြည်နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက တောင်ကြီးမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ဗဟိုအဆင့် စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၁ ရက်မှ ၂၄ ရက်အထိ လေးရက်ကြာ အခြေခံပညာဦးစီးဌာန (နေပြည်တော်)တွင် ကျင်းပခဲ့ကြောင်း၊ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများနှင့် ခရိုင်ပညာရေးမှူးများအားလုံး တက်ရောက်ကြပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)အနေဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တကွ တောင်ကြီး၊ လွိုင်လင်၊ လင်းခေးခရိုင်ပညာရေးမှူးရုံးများမှ ခရိုင်ပညာရေးမှူး



များ တက်ရောက်ခဲ့ပါကြောင်း၊ ယနေ့တွင် ပြည်နယ်အဆင့်စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို မေ ၂ ရက်မှ ၃ ရက်အထိ အထက(၁) တောင်ကြီးမြို့တွင် ကျင်းပမည်ဖြစ်ပြီး ဗဟိုအဆင့်တွင် တက်ရောက်ခဲ့ကြသည့် ခရိုင်ပညာရေးမှူးသုံးဦး နည်းပြအဖြစ် ပြန်လည်ဆွေးနွေးပို့ချမှာဖြစ်၍ တစ်မြို့နယ်လျှင် မြို့နယ်ပညာရေးမှူးနှင့် အထက်တန်းကျောင်းအုပ်ကြီး လေးဦးစီ တက်ရောက်ကြရပြီး ဆွေးနွေးတက်ရောက်သူ စုစုပေါင်း ၁၀၅ ဦးဖြစ်ကြောင်း မြို့နယ်အဆင့်စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို မေ ၆ ရက်မှ ၇ ရက်အထိ သက်ဆိုင်ရာမြို့နယ်အသီးသီးတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်အဆင့် တက်ရောက်ခဲ့ကြသည့် မြို့နယ်ပညာရေးမှူးများနှင့် အထက်တန်းကျောင်းအုပ် ၁၀၅ ဦးက ပြန်လည်ဆွေးနွေးပို့ချမည်ဖြစ်ပြီး အထက်တန်းကျောင်းအုပ် ၆၇ ဦး၊ အလယ်တန်းကျောင်းအုပ် ၃၁၅ ဦး၊ မူလတန်း ကျောင်းအုပ် ၂၅၀၁ ဦး စုစုပေါင်း ၂၈၈၃ ဦး ဆွေးနွေးတက်ရောက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် အထက်တန်းကျောင်းအုပ်ကြီးများ တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ဆင့်ပွားသင်တန်း ဖွင့်လှစ်

**ပဲခူး မေ ၂**

ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ဆင့်ပွားသင်တန်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းတက်ရောက်လာသည့် မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ပညာရေးဆိုင်ရာလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ဆင့်ပွားသင်တန်းသို့ ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ မြို့နယ် ၁၄ မြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းအုပ်ကြီးများ စုစုပေါင်း ၇၀ အား မေ ၂ ရက်မှ ၃ ရက်အထိ သင်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ခဲ့ပြီး မေလ ၈ ရက်နေ့တွင် ကျရောက်မည့် (၇၄)နှစ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြက်ခြေနီဝန်ထမ်း ၁၆ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၀ ဦးနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့ ၁၀ ဦးတို့ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး အာဟာရဖြည့်စွက်စာနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# စစ်တွေမြို့၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**စစ်တွေ မေ ၂**

(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ လှူဒါန်းပွဲတွင် ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရနှင့် တာဝန်ရှိသူများကလိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်ရဲမေများ စုစုပေါင်းအင်အား ၃၀ တို့က ပြည်သူ့ဆေးရုံကြီးရှိလူနာများအတွက် စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ သွေးအလှူရှင်များအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က အာဟာရပြည့်စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဖျာပုံမြို့နယ် မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းနှင့် အလှူငွေပေးအပ်

**ဖျာပုံ မေ ၂**

ဧပြီ ၃၀ ရက်နေ့ မွန်းလွဲပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သည့် ဖျာပုံမြို့နယ် အမာမြို့ ဒေးဒလူကျေးရွာအုပ်စုရှိ ကျင်ကြီးဒေါင့် ကျေးရွာမီးဘေးသင့်ပြည်သူများအား အလှူငွေ၊ ထောက်ပံ့ပစ္စည်းနှင့် အစားအစာရိက္ခာပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေ၄ နာရီက အဆိုပါကျေးရွာစာသင်ကျောင်းခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေး တက်ရောက် အားပေးစကားပြောကြားသည်။

ထို့နောက်ဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော အိမ်ထောင်စုတစ်စုလျှင် အလှူငွေကျပ် တစ်သိန်းနှုန်းဖြင့်အိမ်ထောင်စု ၅၃ စုအတွက် ငွေကျပ် ၅၃ သိန်း၊ သဘာဝဘေးရန်ပုံငွေမှ အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်နှုန်းဖြင့် ဆန် ၄၂၄ ပြည်တို့အား ပေးအပ်ရာ မီးဘေးသင့်ပြည်သူများက အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနိုင်လင်း၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့လှူဒါန်းသော ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုးအိမ် ၁၅ လုံးအတွက် ငွေကျပ် သိန်း ၃၀ နှင့် ဝါး၊ ဓနိအိမ် ၃၈ လုံးအတွက် ၃၈ သိန်း စုစုပေါင်းအိမ်ဆောက်ပစ္စည်း ထောက်ပံ့ငွေကျပ် ၆၈ သိန်း၊ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား မီးဘေးသင့်အိမ်ထောင်စု ၅၃ စုအတွက် ထောက်ပံ့ပေးအပ်ရာ မီးဘေးသင့်ပြည်သူများက အသီးသီးလက်ခံရယူကြသည်။



အဆိုပါ ကျင်ကြီးဒေါင့်မီးဘေးသင့်ပြည်သူများအား ဒေးဒလူကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ အဝတ်အထည်များ ထောက်ပံ့ပေးခြင်းအပြင် ထမင်းဘူးများ နေ့စဉ် ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ ၀၂၇

## ကျိုက်ထိုမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ကျိုက်ထို မေ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုက်ထိုမြို့နယ်အတွင်းရှိ အင်းဝကျေးရွာနှင့် ကျူချောင်ကျေးရွာတို့တွင် ယခင်ဘဏ္ဍာနှစ် ၂၀၂၁-၂၀၂၂ ခြောက်လဘတ်ဂျက်ကာလအတွင်း ပြည်ထောင်စုရန်ပုံငွေ (မွမ်းမံ) ငွေကျပ် ၁၅ ဒသမ ၅၇ သန်းဖြင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အင်းဝကျေးရွာ ရေပေးရေးလုပ်ငန်းကို မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်းကောင်း၊ ကျူချောင်ကျေးရွာရေပေးရေးလုပ်ငန်းများကို ကျိုက်ထိုမြို့နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၂၂

# ပဲခူး- သထုံ- မော်လမြိုင်- ဘားအံ အဝေးပြေးလမ်းမကြီး လေးလမ်းသွားအဆင့်မြှင့်တင်မှု ရာနှုန်းပြည့် ပြီးစီး

**ခရမ်းစိုးမြင့်**

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးစသည့် အကျိုးကျေးဇူးများရရှိလာနိုင်သဖြင့် နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ဝန်ကြီးဌာနများအား ခွဲဝေတာဝန်ပေးခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုလမ်းမကြီးများ၊ ခရိုင်ချင်းဆက်နှင့် မြို့နယ်ချင်းဆက်လမ်းများကို တာဝန်ယူဆောင်ရွက်ရသလို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနပိုင်လမ်းများ၊ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်၊ နေပြည်တော်မြို့တော် စည်ပင်သာယာရေးကော်မတီ၏လမ်းများ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးပိုင် မဟာဗျူဟာလမ်းများ စသည့်နိုင်ငံတော်၏အဓိကလမ်းများကိုလည်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။



ပဲခူး-မော်လမြိုင်လမ်းမကြီး-ဘုရားကြီး-ကျိုက်ထိုအပိုင်းကို တွေ့ရစဉ်။

**နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်စနစ်**

ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံတွင်ရှိသော တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနတို့ နှစ်ဦးနှစ်ဖက်သဘောတူ (Build Operate & Transfer) စာချုပ်စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ BOT စနစ်ဖြင့် ပဲခူး-ဘုရားကြီး-ကျိုက်ထို- သထုံ- မော်လမြိုင်နှင့် ပဲခူး-ဘုရားကြီး- ကျိုက်ထို- သထုံ- မြိုင်ကလေး- ဘားအံလမ်း ၁၆၁ မိုင် ၆ ဖာလုံကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ပြီးသွားပြီဟု သိရသည်။

**“မြန်မာနိုင်ငံတွင်ရှိသော တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်ကုမ္ပဏီများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနတို့ နှစ်ဦးနှစ်ဖက်သဘောတူ (Build Operate & Transfer) စာချုပ်စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ BOT စနစ်ဖြင့် ပဲခူး-ဘုရားကြီး-ကျိုက်ထို-သထုံ-မော်လမြိုင်နှင့် ပဲခူး-ဘုရားကြီး- ကျိုက်ထို-သထုံ- မြိုင်ကလေး- ဘားအံလမ်း ၁၆၁ မိုင် ၆ ဖာလုံကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ပြီးသွားပြီဟု သိရ”**

အဆိုပါ ပဲခူး- ဘုရားကြီး- ကျိုက်ထို- သထုံ- မော်လမြိုင်လမ်းနှင့် ပဲခူး- ဘုရားကြီး- ကျိုက်ထို- သထုံ- မြိုင်ကလေး- ဘားအံကားလမ်းသည် ကုမ္ပဏီအနေဖြင့် BOT ယူခဲ့စဉ်က ၁၆ ပေ၊ ၁၈ ပေ၊ ပေ ၂၀၊ ၂၂ ပေ၊ ၂၄ ပေ စသည်ဖြင့် အသီးသီးပါခဲ့သော်လည်း ချဲ့ရန်မလိုသည့် ၁၄ မိုင် ၄ ဖာလုံမှလွဲ၍ ကျန်ရှိသည်များကို ၃၆ ပေအထိ ချဲ့၍ လေးလမ်းသွားဆောင်ရွက်ပေးခဲ့သည်။

**ပေ ၁၈၀ အောက် တံတားပေါင်း ၃၃၉ စင်း**

အဆိုပါ အဝေးပြေးကားလမ်းမကြီး အရှည်မိုင် ၁၆၁ မိုင် ၆ ဖာလုံပေါ်တွင် ပေ ၁၈၀ အထက်တံတား ခုနစ်စင်း၊ ပေ ၁၀၀ မှ ပေ ၁၈၀ အထိ တံတား ခြောက်စင်း၊ ပေ ၇၀ မှ ပေ ၁၀၀ အထိ တံတား ၂၃ စင်း၊ ၁၀ ပေမှ ပေ ၅၀ အထိရှိသည့် တံတား ၁၂ စင်း၊ ၁၀ ပေအောက် တံတား ၂၄၇ စင်း စုစုပေါင်း တံတား ၇၀၇ စင်း ပါရှိခဲ့ရာ BOT ကုမ္ပဏီအနေဖြင့် ငင်းဆောင်ရွက်ရမည့် ပေ ၁၈၀ အောက် တံတားပေါင်း ၃၃၉ စင်းကို အဆင့်မြှင့်တင်၍ အုတ်တံတားအဖြစ် ဆောင်ရွက်ပြီးပြီဟု သိရသည်။

**လျင်မြန်စွာရောက်ရှိ**

အဆိုပါ ပဲခူး-ကျိုက်ထို-မော်လမြိုင်နှင့် ကရင်ပြည်နယ် ဘားအံသွား အဝေးပြေးလမ်းမကြီးကို အသုံးပြုသွားလာနေကြသည့် ပဲခူး၊ ဘုရားကြီး၊ ဝေါ၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်နှင့် သထုံမှခွဲ၍ မြိုင်ကလေး၊ ဘားအံတို့မှ ဒေသထွက်ကုန် ရော်ဘာနှင့် သားငါးများ၊ ဟင်းသီးဟင်းရွက် စားကုန်များမှာ ပဲခူး၊ ရန်ကုန်မှတစ်ဆင့် မြန်မာပြည်အရပ်ရပ်သို့ လျင်မြန်စွာရောက်ရှိနေပြီဟု သိရသည်။ ။



ပဲခူး-ဘုရားကြီး-ကျိုက်ထို-သထုံ-မော်လမြိုင် ကားလမ်းမကြီးကို တွေ့ရစဉ်။



ပဲခူး-မော်လမြိုင်-ဘားအံကားလမ်း သထုံ-မော်လမြိုင်အပိုင်းတစ်နေရာကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၈ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၆၉၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၇၀,၄၀၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၂,၉၁၄) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၈၄၇)ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၅၁) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၃) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၉) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၆၅) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၅၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၅၇၀) ခု | (၈) ဦး |
| **စုစုပေါင်း** | **(၇,၆၉၅) ခု** | **(၁၄) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၀၈၃၄၂၅ | ၈၀၇၁၉၉၂၉ | ၁၀၂၀၈၅၄ |
| ၂။ | အိန္ဒိယ | ၄၃၀၈၂၅၀၂ | ၄၂၅၃၈၉၇၆ | ၅၂၃၈၆၉ |
| ၃။ | ဘရာဇီး | ၃၀၄၅၄၄၉၀ | ၂၉၅၃၃၀၃၉ | ၆၆၃၅၆၇ |
| ၄။ | ပြင်သစ် | ၂၈၆၈၂၀၁၁ | ၂၆၈၂၆၉၀၅ | ၁၄၅၉၆၂ |
| ၅။ | ဂျာမနီ | ၂၄၇၇၀၅၉၅ | ၂၂၄၆၉၂၀၀ | ၁၃၅၉၁၃ |
| ၆။ | ဗြိတိန် | ၂၂၀၃၈၃၄၀ | ၂၁၂၆၄၁၂၈ | ၁၇၄၉၁၂ |
| ၇။ | ရုရှား | ၁၈၁၉၅၆၀၈ | ၁၇၅၅၆၂၂၀ | ၃၇၆၁၆၇ |
| ၈။ | တောင်ကိုရီးယား | ၁၇၂၉၅၇၃၃ | စိစစ်ဆဲ | ၂၂၉၅၈ |
| ၉။ | အီတလီ | ၁၆၅၀၄၇၉၁ | ၁၅၁၀၉၅၀၉ | ၁၆၃၆၁၂ |
| ၁၀။ | တူရကီ | ၁၅၀၃၃၅၇၃ | ၁၄၉၃၀၀၈၈ | ၉၈၇၈၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၅၆၆၄၉ | ၉၂၆၅၄၅၆ | ၄၃၀၄၄ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၇၂၀၈ | ၅၈၈၃၆၆၄ | ၁၅၆၂၈၇ |
| ၃။ | မလေးရှား | ၄၄၄၉၅၀၇ | ၄၃၇၂၇၉၀ | ၃၅၅၅၀ |
| ၄။ | ထိုင်း | ၄၂၇၁၈၁၅ | ၄၁၁၄၀၄၆ | ၂၈၇၀၄ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၆၀၈၂ | ၃၆၂၀၃၆၉ | ၆၀၄၁၀ |
| ၆။ | စင်ကာပူ | ၁၁၉၉၆၄၀ | ၁၁၃၇၉၇၀ | ၁၃၃၆ |
| ၇။ | မြန်မာ | ၆၁၂၉၁၄ | ၅၉၁၈၄၇ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၇၇၁၄ | ၂၀၅၃၇၈ | ၇၄၄ |
| ၉။ | ဘရူနိုင်း | ၁၄၁၉၁၁ | ၁၄၁၀၂၂ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၅၄ | ၁၃၃၁၁၆ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် မေ ၂**

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများက Dissecting Kits ၅၅၀၊ Haemostaric Force ၁၀၆၄၇ ခုနှင့် ဆေးဝါးမျိုးစုံ ၁၄ မျိုး စုစုပေါင်း ၁၂၃၈၄၄၉ ဒသမ ၉၄ ကီလိုဂရမ်၊ နယ်စပ်(ချင်းရွှေဟော်၊ လွယ်ဂျယ်)တွင် ကုမ္ပဏီငါးခုတို့က Compound Vitamin B Tablet ၁၀၀၄၀၊ Dexamethasone Sodium Phoapate Injection ၇၂၀၀၀ ကီလိုဂရမ်၊ Disposable Syring ၈၈၅၆ ခု၊ Scalp Vein Set ၄၆၈၀၊ Pai Dexa Injection ၁၄၇၀၄၀၊ Pai Diclo Injection ၁၁၇၀၉၀၊ Pai B6 Injection ၄၀၀၀၊ Ceftraxone Sodium For Injection ၈၀၆၈၀၊ Paracetamol Tablet ၃၅၈၀၊ Vitamin C Tablet ၁၄၃၂၈၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငါးဖမ်းရေယာဉ် ရေလုပ်သားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ကော့သောင်း မေ ၂**

တနင်္သာရီ တိုင်းဒေသကြီး ကမ်းနီး(FOB)စစ်ဆေးရေးစခန်းတွင် ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ ဧပြီ ၃၀ ရက်တွင် ငါးဖမ်းကွက်မှ ရာသီသိမ်း ပြန်လည်ဝင်ရောက်လာသော (ဝိုင်းချုပ်ငါးဖမ်း၊ ကင်းမွန်ငါးဖမ်း) ရေယာဉ်ပေါ်ပါ ရေလုပ်သားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဧပြီ ၃၀ ရက်တွင် ပထမအကြိမ် ၄၉၀ နှင့် မေ ၁ ရက်တွင် ဒုတိယအကြိမ် ၄၆၀ တို့ကို ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ထိုးနှံခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

"အဲဒီကတည်းက တစ်ခါတည်း သေသွားခဲ့ရင်လည်း အကောင်းသားပဲ ဖေဖေရယ်"

"ဒီလိုတော့လည်း မပြောပါနဲ့ကွယ်။ ဖေဖေ့အနေနဲ့ ဒီလိုမဖြစ်စေချင်ခဲ့တာ အမှန်ပါ။ အဲဒါနဲ့ သမီးတို့သားအမိကို အိမ်ထဲခေါ် ထွေးထွေးနွေးနွေးဖြစ်အောင်ပြုစုရတယ်။ သမီးရဲ့မေမေဟာ အပြင်းဖျားလိုက်တာ သုံးရက်လောက်နေမှ သတိပြန်လည်လာတယ်။ တိုတိုပြောရရင်တော့ ဒီလိုနဲ့ ဖေဖေ့အိမ်မှာ သမီးတို့ သောင်တင်နေခဲ့ကြတယ်။ ထူးဆန်းတာက သမီးရဲ့မေမေဟာ သူ ဘယ်သူဘယ်ဝါဆိုတာကို မမေးဖို့ရယ်၊ ဘယ်ကလာပြီး ဘယ်ကိုသွားမယ်ဆိုတာမစပ်စုဖို့ရယ် တောင်းပန်ခဲ့တယ်။ ဖေဖေလည်း ရက်အတော်ကြာတဲ့အထိ ဒါတွေကို မမေးခဲ့ပါဘူး။ နောက်မှ တစ်စတစ်စ သိရတာကတော့ သမီးရဲ့မေမေဟာ ရေနံချောင်းကလာတာ။ မန္တလေးမှာ အသိအကျွမ်းမရှိဘူး။ သင်္ဘောကအတက် ခြေဦးတည့်ရာ လျှောက်လာရင်း ဖေဖေ့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တာပါ။ ဒါတောင် တစ်ခွန်းစနှစ်ခွန်းစနဲ့ သိရတာ။ အရပ်ထဲမှာတော့ စကားတွေ အမျိုးမျိုးဖြစ်နေတာပေါ့လေ။ တချို့ကလည်း ဖေဖေဟာ တစ်ကြိမ်က မိန်းမတစ်ယောက်နဲ့ မရှင်းမရှင်းဖြစ်ခဲ့တယ်။ အဲဒီမိန်းမက အခုကလေးပိုက်ပြီး လိုက်လာတယ်ပေါ့။ တချို့ကတော့ သမီးတို့တစ်တွေ ဘယ်ကနေ လေလွင့်ရောက်လာမှန်းမသိဘူး ဆိုကြတယ်။ အဲဒီစကားနှစ်ခုအနက် ပထမစကားဟာ ဖေဖေရဲ့ဂုဏ်သိက္ခာကို ထိခိုက်ပေမယ့် အဲဒီစကားကို ဖေဖေ ပိုပြီးနှစ်သက်မိတယ်။ အဲဒီလိုသာဖြစ်ပါစေတော့လို့ ဖေဖေဆုတောင်းမိတယ်။ ဘာကြောင့်လဲဆိုတော့ သမီးတို့သားအမိကို မြင်စတည်းက ဖေဖေ ကရုဏာသက်မိလို့ပဲ။ သံယောဇဉ်တွယ်နေမိလို့ပဲ"

ဖေဖေသည် စကားဖြတ်ပြီးနောက် သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ကြီး ရှိုက်သည်။

"ဒါပေမဲ့ သမီးရဲ့မေမေဟာ အင်မတန်စိမ်းကားနိုင်တဲ့ မိန်းမတစ်ယောက်ပဲ သမီး။ အင်မတန် ဥပေက္ခာပြုစွမ်းနိုင်တဲ့ မိန်းမတစ်ယောက်ပဲ။ မိုးသည်းသည်း




ထန်ထန် ရွာနေတဲ့နေ့တစ်နေ့မှာ သူဟာ ပျောက်ကွယ်သွားခဲ့တယ်။ သမီးကိုရော ဖေဖေ့ကိုပါ စွန့်ခွာသွားခဲ့တယ်။ ဖေဖေဟာ တစ်နေ့ သူပြန်လာလိမ့်နိုးနဲ့ သမီးကိုပိုက်ရင်း နှစ်အတော်ကြာကြာ စောင့်ခဲ့ပါသေးတယ်။ သူပေါ်မလာတော့ဘူး။ အိမ်ကထွက်သွားကတည်းက သူ့မျက်နှာကို မမြင်ရတော့တာ ဒီကနေ့အထိပဲ"

တင်တင်ရီ၏ရင်မှာ လှိုက်လှဲလာသည်။ ငိုရှိုက်လိုခြင်းက ရင်တစ်ခုလုံးကို လွှမ်းမိုးထားသည်။

"သူ ... သူက ဘာဖြစ်လို့ ကျွန်တော်တို့ကိုပစ်ပြီး ထွက်သွားခဲ့ရတာလဲဟင်"

"အဲဒါကို ဖေဖေကိုယ်တိုင်လည်း အံ့သြနေတာပဲ။ ဖေဖေဟာ သူနဲ့တွေ့ကတည်းက သူ့အလိုလိုက်ခဲ့တယ်။ သူ့အကြိုက်ဆောင်ခဲ့တယ်။ သူစိတ်ချမ်းသာမယ်ထင်တဲ့ကိစ္စမှန်သမျှ ဆောင်ရွက်ပေးခဲ့တယ်။ ဒါနဲ့တောင် သူထွက်သွားရက်ခဲ့တယ်။ အမှန်တော့သမီးရယ်။ သမီးရဲ့မေမေဟာ အင်မတန် အသိရခက်တဲ့ မိန်းမတစ်ယောက်ပါ။ သူဟာ သူ့နောက်ကြောင်းကို လျှို့ဝှက်ထားချင်တယ်။ သူနဲ့ပတ်သက်လို့ ဖေဖေကိုယ်တိုင်ကိုတောင် ဘာမှမသိစေချင်ဘူး။ ယုတ်စွအဆုံး ဖေဖေဟာ သူ့ရဲ့ နာမည်ကိုတောင် သိခွင့်မရခဲ့ဘူး။ သူဟာ ခေါ်ဖို့နာမည်တစ်လုံးကိုတော့ ပြောခဲ့တယ်။ ဒါပေမဲ့ အဲဒီနာမည်ဟာ သူ့နာမည်အစစ်အမှန်မဟုတ်ဘူးဆိုတာ ဖေဖေသိတယ်။ သူကိုယ်တိုင် အဲဒီနာမည်ကိုမေ့မေ့နေတတ်တယ်။ ဒီအထိ သမီးရဲ့မေမေဟာ လျှို့လျှို့ဝှက်ဝှက်နိုင်တဲ့မိန်းမတစ်ယောက်ပဲ"

တင်တင်ရီတို့သည် ကွင်းပြင်များဆီသို့ ရောက်လာကြသည်။ ဆည်းဆာလည်း ပြယ်လုပြီ။ နေဝန်းလည်း ကွယ်လုပြီ။ တင်တင်ရီသည် နေဝန်းကို အမြန်ဆုံး ပျောက်ကွယ်စေချင်လှသည်။ အမြန်ဆုံး အမှောင်ဖုံးလာစေချင်သည်။ သူ့မျက်ဝန်းတွင် မျက်ရည်ကြည် ရစ်ဝဲရသည့်အဖြစ်၊ ငိုရှိုက်လိုလျက် ရှိရသည့်အဖြစ်ကို တစ်ပါးသူတို့ မမြင်ရစေချင်၊ ဖေဖေကိုယ်တိုင်ပင် မမြင်ရစေချင်။

"သူရောက်လာတဲ့နေ့ကို ဖေဖေမမေ့နိုင်သလို သူထွက်တဲ့နေ့ကိုလည်း မမေ့နိုင်ပါဘူး။ အဲဒီနေ့ဟာ ဖေဖေ့တစ်သက်တာမှာ အကြေကွဲရဆုံးနေ့တစ်နေ့ပဲပေါ့။ အဲဒီနေ့ည သန်းခေါင်လောက်မှာ မိုးသံလေသံကြောင့် ဖေဖေ တစ်ရေးနိုးလာတယ်။ သမီးမေမေကို မတွေ့ရဘူး။ ဒါနဲ့ ထရှာတော့ သူ့ကိုယ်စား စာလေးတစ်စောင်ကိုပဲ တွေ့ရတယ်။ အဲဒီစာထဲမှာ သူ တခြားကို ထွက်သွားပြီဖြစ်တဲ့အကြောင်း၊ ဘယ်တော့မှ ပြန်လာမယ်မဟုတ်တဲ့အကြောင်း၊ ရှာမနေဖို့အကြောင်းတွေ ရေးထားတယ်။ သမီးနဲ့ပတ်သက်လို့တော့ သမီးကို ကြီးပြင်းလာတဲ့အထိ မွေးဖို့၊ သမီးကို ဖေဖေ့ရဲ့သမီးသာပြောဖို့၊ ဒီအကြောင်းတွေကို ပြန်မပြောပါဘူးလို့ ကတိပြုဖို့တွေပါတယ်။ စာနဲ့အတူ သူ့ရဲ့ လက်ဝတ်လက်စားတွေ ထားခဲ့တယ်။ အဲဒီပစ္စည်းတွေဟာ သမီးကြီးပြင်းလာတဲ့အထိမွေးဖို့ လုံလောက်ခဲ့ပါတယ်။ အရင်ပစ္စည်းတွေကနေ ဒီနေ့သွားပေါင်တဲ့ ကြံဆစ်လက်ကောက်အထိဟာ သူထားခဲ့တဲ့ပစ္စည်းတွေပါပဲ သမီး။

"သူ ထွက်သွားပြီးတဲ့နောက်ပိုင်းမှာ ဖေဖေ သူ့အကြောင်း တတ်နိုင်သမျှစုံစမ်းပါသေးတယ်။ တစ်နေ့ ပြန်လာနိုးနဲ့ စောင့်ခဲ့သေးတယ်။ ဒါပေမဲ့ ဖေဖေ့မျှော်လင့်ချက်တွေဟာ အလဟဿဖြစ်ခဲ့ရတယ်။ ဒီလိုနဲ့ ဖေဖေလည်း စိတ်ထိခိုက်ပြီး အရက်သမားဘဝကို ရောက်ခဲ့ရတယ်။ စိတ်ငြိမ်သက်သွားအောင်ရယ်၊ သမီးအတွက် အထောက်အကူရအောင်ရယ်လို့ရည်ရွယ်ပြီး ဖေဖေ မအေးမြနဲ့ လက်ထပ်ခဲ့တယ်။ ဒီမှာတင် ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက်လေး ဆိုသလို ဖြစ်ခဲ့ရတယ်။ ဖေဖေနဲ့ လက်မထပ်ခင်က မအေးမြဆိုတာ ဆင်းရဲတယ်။ ရိုးသားတယ်။ သမီးကို သူ့သမီးအရင်းနဲ့မခြား ရင်အုပ်မကွာ စောင့်ရှောက်ပါမယ်လို့ ကတိပေးခဲ့တယ်။ နောက်ပိုင်းမှာတော့ သူ့ပုံစံ ဘယ်လိုရှိတယ်ဆိုတာ သမီးအသိပဲလေ၊ သမီးအမြင်ပဲ။ မအေးမြမှာ နာကြည်းချက်တစ်ရပ်ရှိနေခဲ့တယ်။ ဒါကတော့ ဖေဖေဟာ သူ့ကို မချစ်ဘဲ လက်ထပ်ခဲ့တယ်။ သမီးရဲ့မေမေကို ဒီကနေ့အထိ မမေ့ပျောက်နိုင်သေးဘူးလို့ ယုံကြည်နေတယ်။ အဲဒီ ယူဆထင်မြင်ချက်တွေက ဖေဖေတို့အိမ်ထောင်ရေးသုခတွေကို ဖျက်ဆီးပစ်လိုက်တယ်။ သူ့အတွေးအထင်ဟာ မှားတယ်လို့တော့ မဆိုနိုင်ဘူးပေါ့လေ။ ဘာကြောင့်လဲဆိုတော့ ဖေဖေ သူ့ကိုမချစ်တာလည်းအမှန်ပဲ။ သမီးရဲ့မေမေကို မမေ့နိုင်သေးတာလည်း အမှန်ပဲ"

"ဖေဖေရယ်"

တင်တင်ရီ ရှိုက်ပင့်ရင်းမှ ဆိုမိသည်။ ဖေဖေ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။

"သမီးကို ဖေဖေ တောင်းပန်စရာရှိတယ်။ ဒါကတော့ သမီးမေမေထားရစ်ခဲ့တဲ့ပစ္စည်းတွေကို မထိန်းသိမ်းနိုင်ခဲ့တဲ့အပြစ်ပါပဲသမီး။ အစကတော့ ဖေဖေ ရည်ရွယ်ခဲ့ပါတယ်။ သမီးရဲ့အသက်နှစ်ဆယ်ပြည့်တဲ့နေ့မှာ ဒါတွေကို အစုလိုက် အပုံလိုက် သမီးလက်ထဲ ထည့်ပေးမယ်လို့ပေါ့။ ဖေဖေရဲ့ လုပ်ငန်းကိုင်ငန်းတွေ ပျက်စီးခဲ့တယ်။ အိမ်ထောင်ရေးမှာ ရှုံးနိမ့်ခဲ့တယ်။ လူကိုယ်တိုင်လည်း အရက်သမားဘဝ ရောက်ခဲ့ရတယ်။ ဒီတော့ အဲဒီပစ္စည်းတွေကိုပဲ ထုခွဲစားသောက်နေခဲ့ရတယ်။ ဒါတွေကို မရောင်းရက်နိုင်ဘူးဆိုတာကိုတော့ သမီးအမြင်အတိုင်းပဲ။ ဒေါ်သူဇာတို့ဆီမှာ ပေါင်ထားတယ်။ တစ်နေ့ အဆင်ပြေရင် အားလုံးရွေးပေးမယ်ဆိုတဲ့သဘောပေါ့။ မအေးမြဟာ သမီးကို လိုလားနှစ်သက်တဲ့ပုံစံမပြတာ အမှန်ပဲ။ ဒါပေမဲ့ သမီးကို မလွန်ဆန်ရဲတာဟာ သူကိုယ်တိုင် သမီးရဲ့ပစ္စည်းတွေနဲ့ အသက်ရှင်ရပ်တည်နေရတယ်ဆိုတာသိလို့ပေါ့"

"ပစ္စည်းတွေနဲ့ ပတ်သက်လို့ တောင်းပန်စရာမလိုပါဘူး ဖေဖေရယ်။ ဒါတွေကို ကျွန်တော် မမက်မောပါဘူး။ ကျွန်တော်မက်မောတာ ဘာလဲဆိုတာ ဖေဖေသိပါတယ်။ ကျွန်တော်မက်မောတာ မေတ္တာတရားပဲဖေဖေ။ မိခင်နဲ့ ဖခင်ရဲ့ ပူနွေးတဲ့ရင်ခွင့်ကိုပဲ မက်မောတယ်။ ဒါပေမဲ့ဖေဖေရယ် ကျွန်တော်ဟာ ဒီအထိပဲ ကံဆိုးသလားဟင်။ ဖအေ ဘယ်သူ၊ မအေဘယ်ဝါဆိုတာ မသိရလောက်အောင် ကံဆိုးသလား။ ကျွန်တော့်ကိုယ်ကျွန်တော် ဒီလောက်အထိ ကံဆိုးလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိဘူး ဖေဖေ"

"တင်တင်ရီ၏အသံမှာ ဆို့နင့်နေသည်။ လှိုက်လှဲနေသည်။ ဖေဖေသည် တင်တင်ရီ၏မျက်နှာကို ရီဝေသော မျက်လုံးများဖြင့် စိုက်ကြည့်သည်။

"သမီးရဲ့ရင်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ဖေဖေသိပါတယ် သမီးရယ်။ ဖေဖေ နားလည်ပါတယ်။ ဒါကြောင့် ဒီအဖြစ်ကို ဖေဖေမပြောရက်နိုင်ဘဲ ဒီကနေ့ ဒီအချိန်အထိ ရောက်လာရတာပါ"

"သမီးရဲ့စိတ်ထဲမှာ မရှင်းတာတစ်ခုရှိသေးတယ် ဖေဖေ"

"ဘာကိုလဲဟင်"

"ဖေဖေပြောတဲ့ သမီးရဲ့မေမေဆိုတာ တကယ်တမ်း သမီးကို ကိုးလလွယ်၊ ဆယ်လဖွားခဲ့တဲ့ အမေအရင်းမှ ဟုတ်ပါ့မလားဆိုတဲ့သံသယပဲ ဖေဖေ"

"ဘာဖြစ်လို့"

"ကိုးလလွယ်၊ ဆယ်လဖွားခဲ့ရတဲ့ မိခင်တစ်ယောက်ဟာ၊ ကိုယ့်သမီးကို ဒီလောက် စိမ်းစိမ်းကားကားပစ်ထားရက်ပါ့မလား ဖေဖေရယ်။ စဉ်းစားကြည့်ပါဦး"

တင်တင်ရီ၏စကားကြောင့် ဖေဖေ လှုပ်ရှားသွားသည်။ စင်စစ် သည်အတွေးမျိုးကို သူတစ်ကြိမ်တစ်ခါမျှ မတွေးခဲ့စဖူး ဖြစ်ချေသည်။ ထို့ကြောင့်လည်း ရုတ်တရက်တွင် ဘာပြန်ပြောရမည် မသိတတ်နိုင်ခဲ့။

အတော်ချည်းကြာမှ ဖေဖေဆိုသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ပစ္စည်းတွေနဲ့ပတ်သက်လို့ တောင်းပန်စရာမလိုပါဘူး ဖေဖေရယ်။**

**ဒါတွေကို ကျွန်တော် မမက်မောပါဘူး။ ကျွန်တော်မက်မောတာ ဘာလဲဆိုတာ ဖေဖေသိပါတယ်။**

**ကျွန်တော်မက်မောတာ မေတ္တာတရားပဲဖေဖေ။ မိခင်နဲ့ ဖခင်ရဲ့ ပူနွေးတဲ့ရင်ခွင့်ကိုပဲ မက်မောတယ်။**

**ဒါပေမဲ့ဖေဖေရယ် ကျွန်တော်ဟာ ဒီအထိပဲကံဆိုးသလားဟင်။ ဖအေ ဘယ်သူ၊ မအေ ဘယ်ဝါဆိုတာ**

**မသိရလောက်အောင် ကံဆိုးသလား။ ကျွန်တော့်ကိုယ်ကျွန်တော် ဒီလောက်အထိ**

**ကံဆိုးလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိဘူး ဖေဖေ"**

**"တင်တင်ရီ၏အသံမှာ ဆို့နင့်နေသည်။ လှိုက်လှဲနေသည်။**

**ဖေဖေသည် တင်တင်ရီ၏မျက်နှာကို ရီဝေသော မျက်လုံးများဖြင့်..."**

# ကြီးပွားရေးလမ်း

## ပီမိုးနှင်း

ကြီးပွားရေးလမ်း၌ ဉာဏ်မျက်စိရှင်ခြင်းသည် လွန်စွာအရေးကြီးလေသည်။

“ကံမရှိ ဉာဏ်ရှိတိုင်းမွဲ” ဟူသောစကားသည် လွန်စွာမှား၏။ ဉာဏ်အမြင်စေ့စုံ ထက်သန်သူတို့မှာ မွဲလောက်အောင် မှားခဲ့လေသည်။

စီးပွားဥစ္စာရှာရာ၌ အချက်အလက် အကွက်ကောင်းကို သိမြင်တတ်သော ဉာဏ်ရှင်တို့သည် အများအားဖြင့် ထိုဉာဏ်ကြောင့် မမွဲနိုင်၊ အခြားအကြောင်းတစ်ခုခုကြောင့် ပျက်စီးကြရလေသည်။

ထိုအကြောင်းများသည်ကား သတိလစ်ခြင်း၊ ရဲလွန်းခြင်း၊ ပေါ့လျော့ခြင်း၊ အသုံးလွန်ခြင်း၊ အပျော်လွန်ခြင်း၊ လောင်းစားခြင်း၊ မရိုးသားခြင်း စသည်များဖြစ်တတ်လေသည်။

လူများမှာ အလုပ်အကိုင်ပျက်သည့်အခါ ကိုယ်တိုင်အပေါ်၌ အပြစ်ကို ချလေ့မရှိ။ ကိုယ်တိုင်အပြစ်ကိုဝန်ခံရလျှင် မိုက်ရာညံ့ရာကျမည်ဟု မှတ်ထင်တတ်ကြခြင်းကြောင့် တစ်ကြောင်း၊ စိတ်ဖြေရာ ရစိမ့်သောငှာလည်းကောင်း တားဆီးပိတ်ပင်ဖီဆန်၍မရသော ကံကို အစွဲပြုတတ်ကြလေသည်။

တစ်နည်းအားဖြင့် ဤအစွဲသည်ကောင်း၏၊ အကြောင်းမူကား ထိုအယူဖြင့်စိတ်ကိုဖြေနိုင်၏။ ကိုယ်တိုင်၏ အမှားကြောင့် ဝန်ခံရလျှင် “ငါမှားလေခြင်း၊ ငါမိုက်လေခြင်း၊ ငါသတိလစ်လို့ ပျက်ရတာပဲ”စသည်ဖြင့်တွေးကာ စိတ်မချမ်းမသာဖြစ်ဖို့ရှိလေသည်။

သို့သော်လည်း စီးပွားရှာကြံရေးအလုပ်၌ ထိုအစွဲသည် များစွာအကျိုးယုတ်စေတတ်၏။ အကြောင်းမူကား “ငါကံဆိုးနေသည် လုပ်လို့ကိုဖြစ်ဦးမှာမဟုတ်ဘူး” ဟူသော အစွဲကြီးဖြစ်ပေါ်၍နေတတ်လေသည်။ ထိုအစွဲဖြစ်ပေါ်၍နေချေက အပျက်ကိုထင်မြင်ကာ “ငါလုပ်လျှင် ပျက်မှာပဲ” ဟူသော စိတ်၏တန်ခိုးကြောင့် ပျက်စီးနိုင်လေသည်။

ကံကိုမယုံသော လူမျိုးကွဲများသည် အလုပ်တစ်ခုခုကို သား၊ မြေး၊ မြစ်တိုင် မပျက်မစီး ဆက်လက်လုပ်ကိုင်ကြလေသည်။

ဂျပန်ပြည်ရှိ (မစ်ဆွီ) သားချင်းပေါက်ဖော်တစ်စုတို့မှာ နှစ်ပေါင်းသုံးရာပတ်လုံး မပျက်မစီး ၎င်းတို့၏အလုပ်မှာ ကြီးပွားတိုးတက်၍သာနေခဲ့လေသည်။

မိမိအလုပ်နှင့်ပတ်သက်၍ သိစရာမှတ်စရာရှိသမျှကို ကုန်စင်အောင်သိသူတို့မှာ အကြီးအကျယ်ပျက်စီးလောက်အောင် မမှားနိုင်ပေ။ တိုးတက်ချဲ့ထွင်ရန် နည်းလမ်းများကိုလည်း မြင်လွယ်လေသည်။ အပြိုင်ပေါ်ပေါက်သည့်အခါ ပြိုင်သူများကို အနည်းနည်းနှင့် ပြန်နိုင်လေသည်။

အလုပ်တစ်ခုခုကို လုပ်သည့်အခါ ကြာလေအလုပ်အကြောင်းကို ပိုမို၍သိလေလေ၊ တိုး၍ကြီးပွားတိုးတက်နိုင်လေလေဖြစ်၏။ ကြာသလောက်အသိအမြင်တိုးချေက ပျက်ဖို့လမ်းပေါ်ပေါက်ရန်ခက်ခဲလေသည်။ သို့ဖြစ်လေရာ ကြာလျှင် အလုပ်ပို၍ခိုင်ခံ့ရမည်။ ကြာသောအခါ ရွေ့လျောဆုတ်ယုတ်ချေက ခေတ်ကာလပြောင်းလဲခြင်းနှင့် သက်ဆိုင်ရာသိစရာသတိပြုစရာ အချက်အလက်တို့ကို ဂရုမစိုက်သောကြောင့်ဟုမှတ်ရမည်။

လွန်ခဲ့သောနှစ်ပေါင်း ၅၀ အခါက လုပ်ကိုင်ခဲ့သောနည်းများသည် ယခုခေတ်နှင့် မသင့်လျော်ချေက ထိုနည်းများကိုစွန့်၍ ယခုခေတ်နှင့်ဆိုင်သောနည်းစနစ်များကို အသုံးပြုရလေသည်။

သူဌေးတစ်ယောက်သည် အလုပ်အကိုင်ဆုတ်ယုတ်၍ မတိုးတက်သောကြောင့် အခြားကုန်သည်ကြီးတစ်ဦးအား မိမိ၏အလုပ်ကို ရောင်းချ၏။ သို့ရောင်းရာ၌ ဝယ်သူက အလုပ်ရုံရှိ စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးရာ ရောင်းသူက စက်ဟောင်းကြီးတစ်ခုကိုပြပြီး “ဟောဒီစက်ဟာ ခင်ဗျား..... ကျုပ်အဘိုးအချောင်ရတဲ့စက်ဗျ၊ ဝယ်တာ နှစ်ပေါင်းသုံးဆယ်ကျော်ပြီ၊ အခု ကျုပ်လက်ထက်ကျတောင် အသုံးပြုနေရတယ်။ ဘာမှမချို့ယွင်းဘူး” ဟု တက်ကြွသောအမူအရာနှင့် ဟုတ်လှပြီမှတ်ထင်ကာ ပြလေ၏။

ဝယ်သူက “အဲဒါကြောင့် ခင်ဗျားအလုပ်ကို ရောင်းပစ်ရတာပေါ့” ဟုပြောပြီး ၎င်းစက်ကြီးကို ဝယ်သူသည် ပထမဦးဆုံးဖြုတ်ပြီး အပျက်ဆိုင်ကို ပို့လိုက်လေသည်။

(အောင်စိတ်မှ)

■

# ကြီးပွားချမ်းသာနည်းဗျူဟာ

## ထက်ခိုင်

**ရလဒ်ကောင်းများကိုလေးစားပါ**

“ကျွန်တော်တို့တတွေ ကိုယ်ပိုင်လုပ်နိုင်စွမ်းရှိသလောက်လုပ်ခဲ့မယ်ဆိုရင် ရလဒ်တွေအတွက် ပြန်ပြီးလေးစားအံ့အားသင့်လို့ဆုံးမှာ မဟုတ်ဘူး။”

**သောမတ်အယ်ဒီဆင်(၁၈၇၄-၁၉၃၁)**

နေ့စဉ်ကြုံတွေ့နေရသည့် လူမှုပတ်ဝန်းကျင်မှ ရလဒ်ကောင်းများကို လေးစားတန်ဖိုးထားတတ်ရန်လိုပါသည်။ ယင်းသည် အသေးအဖွဲကိစ္စတစ်ခုပင်ဖြစ်နေစေကာမူ လေးစားတန်ဖိုးထားပါ။ ထိုအသေးအဖွဲကလေးကပင် ကြီးမားအင်အားရှိသည့် ကြီးပွားချမ်းသာမှုများကို ပေးစွမ်းနိုင်ပေသည်။

ကြီးပွားချမ်းသာရေးဟူသည်ကား လူတိုင်းလူတိုင်း၏ သည်းခြေကြိုက် အသုံးအနှုန်းပင်ဖြစ်သည်။

ယင်းကဲ့သို့ ကြိုက်ကြသည်။ နှစ်သက်ကြသည်မှန်သော်လည်း စနစ်တကျကြိုးစားအားထုတ်ရမည်ဟူသည်ကို မျက်ကွယ်ပြုထားကြသူများလှသည်။ အဘယ်ကြောင့်ဆိုသော်လောကတွင် ကြီးပွားချမ်းသာသူက ရာခိုင်နှုန်းအနည်းငယ်သာ ရှိနေသောကြောင့်ဖြစ်သည်။

ကြီးပွားချမ်းသာမှုသည် ကံ၊ ဉာဏ်၊ ဝီရိယ တို့ဖြင့် တိုက်ရိုက်အချိုးကျနေသည်ဟု ပညာရှိများစွာက အဆိုပြုပြီး လက်ခံထားကြသည်။

ကံဆိုသည်ကား အဘယ်အရာနည်း။

အများစု သုံးနှုန်းနေကြသည့် “ကံမကောင်းလို့ပါ” နှင့် “ကံကောင်းလို့ပါ” ဟူသည့်စကားတို့သည် ကံကိုသာရိုးမယ်ဖွဲ့နေကြခြင်းဟု ဆိုရပေမည်။ အမှန်စင်စစ်တွင် ကံသည် အလုပ်ဖြစ်ပေသည်။ ထို့ကြောင့် အလုပ်ကောင်းမှ ကံကောင်းမည်ဖြစ်သည်။ ကံသည်အလုပ်၊ အလုပ်သည်ကံဟု ယုံကြည်ထား ရန်လိုသည်။

“ကံယုံပြီး ဆူးပုံမနင်းရာ” ဟူသည့် မြန်မာဆိုရိုးစကားတစ်ခုရှိသည်။

ယင်းမှာ မျက်စေ့စုံမှိတ်ကာ ကံကိုယုံကြည်နေသူများအတွက် ပြဆိုထားခြင်းဖြစ်သည်။ ကံကောင်းလာမည့်တစ်နေ့ကို ထိုင်စောင့်နေသူများလည်း လောကတွင်များစွာရှိလေသည်။ ကြီးပွားချမ်းသာလာမည့် လက္ခဏာအရိပ်အယောင် မြင်တွေ့ခံစားလာရလျှင် အချို့က ကံကောင်းလာပြီဟုလည်း ဆိုတတ်ကြသေးသည်။

မည်သည့်အလုပ်ကို လုပ်ကိုင်ရသည်ဖြစ်စေ စနစ်တကျ ကြိုးစားလုပ်ဆောင်ပါက အလုပ်ကောင်းလာမည်မှာ သေချာသည်။ ထိုမှ ကံကောင်းခြင်းတို့ ဖြစ်ပေါ်လာပေမည်။

ဉာဏ်ဟူသည်ကား စဉ်းစား၊ တွေးတော၊ သုံးသပ်၊ ဆုံးဖြတ်နိုင်စွမ်းအားသာ ဖြစ်သည်ဟု ညွှန်းလိုပါသည်။ မြော်မြင်တွေးခေါ်မှုမှန်သမျှသည် ဉာဏ်ရည်ဉာဏ်သွေးနှင့်သက်ဆိုင်သည်။ အလုပ်တစ်ခုလုပ်ဆောင်ရာတွင် ဉာဏ်ရည်မြင့်မားသူ၊ ဉာဏ်ကွန့်မြူးနိုင်ပြီး အမှန်ကန်ဆုံးသုံးသပ်ဆုံးဖြတ်နိုင်သူများကသာ သာမန်လူများထက် ပိုမိုစောလျင်စွာကြီးပွားချမ်းသာနိုင်ကြသည်။

“ကံမရှိ ဉာဏ်ရှိတိုင်းမွဲ” ဟူသည့် မြန်မာဆိုရိုးစကားလည်း ရှိနေပြန်ရာယင်းစကားကို အထူးမပြုရန် အရေးကြီးသည်။

အဆိုပါစကားသည် ဆင်ခြေဆင်လက် စကားအဖြစ်သာ မှတ်ယူရပေမည်။ ပြတ်သားစွာသော ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချမှတ်ကာ လုပ်ငန်းဆောင်ရွက်မည်ဆိုပါက အဘယ်မှာ မအောင်မြင်နိုင်ပါမည်နည်း။ မအောင်မြင်သေးခြင်းသည် လုပ်ငန်းလုပ်ဆောင်မှု၊ ဆောင်ရွက်မှုညံ့ဖျင်းနေသေးသည်ဟုသာ မှတ်ယူရပေမည်။ ဆင်ခြေဆင်လက်စကားကို မသုံးစွဲ၊ မမှီငြမ်း၊ မကိုးကားမိစေရန် အထူးလိုအပ်လှပေသည်။

မိမိ၏ ကိုယ်ပိုင်ဉာဏ်ကို ညှစ်ထုတ်သုံးစွဲကာ အမှန်ကန်ဆုံးသော သုံးသပ်မှု၊ ဆုံးဖြတ်မှုတို့ဖြင့် ကြိုးစားအကောင်အထည်ဖော်ရမည်ဟု နှလုံးသွင်းထားရပေမည်။

ဝီရိယဟူသည်ကား မဆုတ်မနစ်သောဇွဲဖြင့် မှန်ကန်ဖြောင့်မတ်စွာ တစိုက်မတ်မတ်လုပ်ဆောင်ကြိုးစားခြင်းပင်။ မှန်ကန်ဖြောင့်မတ်စွာဖြင့် ဦးတည်ချက်ပန်းတိုင် မယိမ်းယိုင်ဘဲ ကျားကုတ်ကျားခဲ ကြိုးစားရခြင်းကို ဆိုလိုခြင်းဖြစ်သည်။

“ကံမရှိသော်လည်း ဝီရိယအကျိုးတော့ ခံစားရမှာပါ” ဟူသည့် မြန်မာဆိုရိုးစကားလည်း ရှိပြီးဖြစ်သည်။ ဝီရိယကောင်းရှိသူသည် ကောင်းမြတ်သည့် အကျိုးခံစားခွင့်ကို ရရှိမည်မှာသေချာသည်။

သို့ဖြစ်၍ ကံ၊ ဉာဏ်၊ ဝီရိယ တို့ဖြင့် လိုက်ဖက်ညီစွာ ကြိုးစားလုပ်ဆောင်ကြမည်ဆိုလျှင် မိမိမျှော်လင့်သည့် အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိကာ ရည်မှန်းချက်ပြည့်ဝမည်ဖြစ်သည်။

ထို့ကြောင့် နေ့စဉ်ကြုံတွေ့နေရသည့် ကံနှင့်ပတ်သက်သည့် အလုပ်၏ ရလဒ်ကောင်းများ၊ ဉာဏ်နှင့် ဆက်နွှယ်သည့် သုံးသပ်ဆုံးဖြတ်မှု၊ စဉ်းစားတွေးခေါ်မြော်မြင်မှုစသည့် ရလဒ်ကောင်းများ၊ ဝီရိယနှင့်ဆက်စပ်သည့် မှန်ကန်ဖြောင့်မတ်စွာဖြင့် မဆုတ်မနစ်ကြိုးစားလုပ်ဆောင်တတ်မှုဟူသည့် ရလဒ်ကောင်းများကို လေးစားတန်ဖိုးထားပြီး ပေါင်းစပ်စုစည်းအားတို့ဖြင့် အသုံးချကာ အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးရရှိနိုင်မည်မှာ ယုံမှားသံသယဖြစ်စရာမလိုပေ။

ယနေ့မျိုးဆက်သစ် လူငယ် လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ကံ၊ ဉာဏ်၊ ဝီရိယတို့ကို အချိုးညီစွာ ကျင့်ဆောင်နိုင်ခြင်းအားဖြင့် ရရှိလာသည့်ရလဒ်ကောင်းများကို လေးစားတန်ဖိုးထားကာ စနစ်တကျ လုပ်ဆောင်နိုင်ကြမည်ဆိုလျှင် ကြီးပွားချမ်းသာမှုကိုရရှိမည်မှာ အသေအချာပင်ဖြစ်ပေတော့သည်။ ။

> **“နေ့စဉ်ကြုံတွေ့နေရသည့် ကံနှင့်ပတ်သက်သည့် အလုပ်၏ ရလဒ်ကောင်းများ၊ ဉာဏ်နှင့် ဆက်နွှယ်သည့် သုံးသပ်ဆုံးဖြတ်မှု၊ စဉ်းစားတွေးခေါ်မြော်မြင်မှုစသည့် ရလဒ်ကောင်းများ၊ ဝီရိယနှင့်ဆက်စပ်သည့် မှန်ကန်ဖြောင့်မတ်စွာဖြင့် မဆုတ်မနစ်ကြိုးစားလုပ်ဆောင်တတ်သူ ဟူသည့် ရလဒ်ကောင်းများကို လေးစားတန်ဖိုးထားပြီး ပေါင်းစပ်စုစည်းအားတို့ဖြင့် အသုံးချကာ အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးရရှိနိုင်မည်မှာ ယုံမှားသံသယဖြစ်စရာမလိုပေ”**

# ခေါင်းဆောင်ကောင်းဖြစ်ချင်သလား

မောင်ထူးချွန်

မောင်တို့မယ်တို့မှာ ရည်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေ၊ ပန်းတိုင်တွေ ရှိနေကြမှာပါပဲ။ အဲဒါတွေက ဘာတွေလဲ။ မောင်တို့မယ်တို့က ဘယ်အောင်မြင်မှုမျိုးတွေ ရချင်ကြတာလဲ။ အရွယ်ရလာတဲ့အခါ ဘယ်လိုဘဝမျိုးနဲ့ ဘဝကို ဖြတ်သန်းချင်ကြတာလဲ။

စဉ်းစားမိကြမှာပါပဲ။ တွေးမိကြမှာပါပဲ။

ဖြစ်ချင်တဲ့ဆန္ဒကတော့ မြင့်မြင့်မားမားပဲဆိုပါစို့။ အဲဒီတော့ ခေါင်းဆောင်ပိုင်းပေါ့။ အိမ်မှာဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းဖြစ်စေ၊ ကုမ္ပဏီဝန်ထမ်းဖြစ်စေ ဘယ်လိုဘဝတွေပဲ လုပ်ရလုပ်ရ ရာထူးမြင့်တာတွေ ဖြစ်ချင်ကြတာပါပဲ။ ဘယ်သူကမှတော့ လက်အောက်ငယ်သားဘဝလေးလောက်ဆိုတော်ပါပြီလို့ မရှိပါဘူး။ အကောင်းဆုံး၊ အလှပဆုံး၊ အမြင့်မားဆုံးဘဝတွေကိုပဲ ပိုင်ဆိုင်ချင်ကြတာ သဘာဝပါပဲ။

အခြေအနေအရ၊ ပညာအရည်အချင်းအရ၊ ပညာဉာဏ်အရသာ လုပ်ဆောင်ရတဲ့အလုပ်၊ တာဝန်ယူရတဲ့ရာထူးတွေ မတူညီနိုင်ကြတာပဲဖြစ်တယ်။ ဒါကြောင့် ဘဝဖြတ်သန်းမှုနယ်ပယ်အသီးသီးမှာ ကျရာတာဝန်ကို ထမ်းဆောင်ရင်း ဖြစ်လာနိုင်တဲ့ခေါင်းဆောင်မှုကဏ္ဍတွေမှာ ဦးဆောင်ဦးရွက်ပြုနိုင်ဖို့က အရေးကြီးပေတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်မှာရှိထားသင့်တဲ့ အရည်အချင်းတွေ လိုအပ်လာတာပေါ့။

မလွဲမသွေခေါင်းဆောင်ဖြစ်လာရင် မကင်းမကွာပါဝင်လှုပ်ရှားရမယ့်အရာတွေနဲ့ လိုက်နာထမ်းဆောင်ရမယ့် နည်းနာတွေရှိတယ်။

၁။ ပန်းတိုင်

၂။ အုပ်စု

၃။ လက်အောက်ငယ်သားများ

၄။ ခေါင်းဆောင်မှုတာဝန်

ဒါတွေဟာ မကင်းမကွာ ပါဝင်ပတ်သက်လှုပ်ရှားရမယ့်အရာတွေဖြစ်တယ်။ ခေါင်းဆောင်ဖြစ်လာသူဟာ အောက်ပါအချက် ရှစ်ချက်ကိုလည်း မလွဲမသွေထမ်းဆောင်ရမှာဖြစ်ပေတယ်။

၁။ စီမံကိန်းချမှတ်ခြင်း၊

၂။ မူဝါဒချမှတ်ခြင်း၊




၃။ ကွပ်ကဲကြီးကြပ်ရခြင်း၊

၄။ သဘောတရားလမ်းညွှန်မှု ချမှတ်ခြင်း၊

၅။ ကျွမ်းကျင်မှုရှိရခြင်း၊

၆။ အုပ်စုလိုက် ကိုယ်စားပြုရခြင်း၊

၇။ ဆုပေးဒဏ်ပေးရခြင်း၊

၈။ စံပြအဖြစ် ရပ်တည်ရခြင်းတို့ပဲ ဖြစ်တယ်။

ခေါင်းဆောင်ကောင်းတစ်ဦးဟာ ဘက်ပေါင်းစုံမှ သုံးသပ်ဆင်ခြင်ကာ ခိုင်မာတဲ့သတင်းအချက်အလက်တွေကို အခြေပြုစဉ်းစားပြီး စီမံကိန်းချမှတ်ရတယ်။ ပါဝင်ရမယ့် အခြေခံစီမံကိန်းကို မဖြစ်မနေ ထည့်သွင်းတွက်ချက်ရတယ်။

မူဝါဒချမှတ်ရာမှာ ဆောင်ရန်၊ ရှောင်ရန်အချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ပတ်သက်ပြီး ဦးစားပေးမူဝါဒချမှတ်ကာ ဘယ်အရာကို တန်ဖိုးအမြင့်ဆုံးထားတယ်ဆိုတာကို လက်အောက်ငယ်သားတွေ သိစေရမယ်။ မူဝါဒဟာ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေနဲ့ အဆီလျော်ဆုံး၊ အသင့်တော်ဆုံး၊ အကျိုးအရှိဆုံး၊ အများလက်ခံနိုင်ဖွယ်ရာ အဖြစ်ဆုံးဖြစ်ဖို့လိုအပ်ပြီး အမြော်အမြင်ရှိစွာနဲ့ အကောင်းဆုံးဖြစ်စေဖို့ မြေပြင်ပကတိအခြေအနေနဲ့ အကိုက်ညီဆုံး၊ လက်တွေ့အဖြစ်နိုင်ဆုံး ဖြစ်ရမယ်။

စီမံကိန်းမူဝါဒအတိုင်း ခေါင်းဆောင်က တာဝန်ခံကွပ်ကဲရတယ်။ တာဝန်ခွဲဝေကာ လိုအပ်ပါက ကိုယ်တိုင်ကွင်းဆင်းကြီးကြပ်ရတယ်။ ကြည့်ရှုတည့်မတ်ပေးရတဲ့အပြင် အမိန့်နဲ့ညွှန်ကြားချက်တွေကို အသုံးပြုကာ ကြီးကြပ်ကွပ်ကဲရမယ်။

လုပ်ငန်းအတွက် အောင်မြင်စေတဲ့ အခြေခံသဘောတရားတွေကို ရှာဖွေဖော်ထုတ်ကာ ကျင့်သုံးလိုက်နာစေရမယ်။

ထူးခြားဆန်းသစ်တဲ့ နည်းနာတွေနဲ့ ငယ်သားတွေကို သက်သာလွယ်ကူအောင် စီမံပေးနိုင်ရမယ်။ ပေါင်းစပ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ လုပ်ငန်းခွင်အရည်အသွေးတိုးတက်အောင် လေ့ကျင့်ပေးခြင်းတို့နဲ့ လုပ်ငန်းခွင်ထုတ်လုပ်မှုအရည်အသွေးကို ခေါင်းဆောင်က ပိုမိုကောင်းအောင် တာဝန်ခံရပါလိမ့်မယ်။

ကြိုက်လို့ဖြစ်စေ၊ မကြိုက်လို့ဖြစ်စေ၊ မနှစ်လိုဖွယ်အခြေအနေပင် ဖြစ်စေ ခေါင်းဆောင်ဟာ မိမိအုပ်စုရဲ့ကောင်းကျိုး၊ ဆိုးကျိုးကို တာဝန်ခံကာ ကိုယ်စားပြုရစမြဲပဲဖြစ်တယ်။

စီမံကိန်းကိုအကောင်အထည်ဖော်ရာမှာ စည်းကမ်းမလိုက်နာသူတွေကို စစ်ဆေး၊ ဒဏ်ပေးရတဲ့နည်းတူ စွမ်းစွမ်းတမံဆောင်ရွက်တဲ့သူ၊ ထူးချွန်သူတွေကိုလည်း ဆုပေးချီးမြှင့်ရပါလိမ့်မယ်။ ခေါင်းဆောင်ဟာ ဆုပေး၊ ဒဏ်ပေးအလုပ်ကို မဖင့်မနှေးလုပ်ဆောင်ရမှာဖြစ်တယ်။

ခေါင်းဆောင်ဟာ ငယ်သားအားလုံးရဲ့ စံနမူနာပြရုပ်လည်းဟုတ်တယ်။ ဒါကြောင့် အမြင့်ဆုံးသောစွမ်းရည်နဲ့ ဂုဏ်သတ္တိကို ပြသနိုင်ရမယ်။ အထူးသဖြင့် ဂုဏ်ရည်နဲ့ ပညာအမြော်အမြင်အရာမှာ လက်အောက်ငယ်သားများထက် သာလွန်ရမယ့်အရာဟာ ခေါင်းဆောင်ရဲ့တာဝန်ပဲဖြစ်တယ်။ ခေါင်းဆောင်ရဲ့ အဓိကတာဝန်ဟာ အခြေအနေမှန်၊ လမ်းကြောင်းမှန်၊ နည်းလမ်းမှန်ကို အပြည့်အဝသိရှိသူဖြစ်နေရမယ်။ သိအောင်လည်းကြိုးစားနေရမယ်။

မောင်တို့မယ်တို့ ခေါင်းဆောင်ကောင်းဖြစ်ချင်သလား။

ဖော်ပြပေးလိုက်တဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ ပါဝင်ပတ်သက်ရမယ့် ဝန်းကျင်၊ ထမ်းဆောင်ရမယ့် နည်းနာတွေကို လေ့လာမှတ်သား ကြိုးစားလုပ်ဆောင်နိုင်ကြမယ်ဆိုရင် မောင်တို့မယ်တို့ဟာ အများလေးစားအားကျတဲ့ ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာတော့မှာပါပဲကွယ်။ ။

# ကိုယ့်ဇာတ်ကိုယ်ကပါ

အောင်မြတ်စည်သူ

ကိုယ့်ဘဝဇာတ်ပွဲအစီအစဉ်ကို ကိုယ်ပင် ပုံဖော်ရေးဆွဲပါ။ ဘဝကို သင်စီစဉ်နေခြင်းသာ ဖြစ်ပါစေ။ ဘဝက သင့်ကိုစီစဉ်နေခြင်း မဖြစ်ပါစေနှင့်။ ဆန်ဖရန်စစ္စကို ၄၅ ဘောလုံးသမားများ၏ နည်းပြချုပ်ဟောင်း ဘီလ်ဝေါလ်ခ်ကဲ့သို့ဖြစ်ပါ။ သူသည် သူ့ကစားပွဲများကို ပွဲစဉ်တစ်ခုချင်းမတိုင်မီကာလတွင် စေ့စေ့ပေါက်ပေါက် ပြင်ဆင်လေ့ရှိသောကြောင့် သူ့ကို လူကြောင်တစ်မျိုးဟု လူတိုင်းက ယူဆခဲ့ကြသည်။

နည်းပြအများစုသည် ကစားပွဲဖြစ်ထွန်းသွားပုံကို စောင့်ကြည့်ပြီးမှ တစ်ဖက်အသင်းကို တုံ့ပြန်သော ကစားကွက်များဖြင့် တန်ပြန်ကြလေ့ရှိသည်။ ဘီလ်ဝေါလ်ခ်က ထိုသို့မဟုတ်ခဲ့ချေ။ ဝေါလ်ခ်သည် ဘာဖြစ်ဖြစ် သူ့အသင်းသားများ ကစားရမည့် ကစားကွက်များ ရေးဆွဲထားသည့် စာရွက်ကြီး ကိုင်လျက် ဘေးစည်းအပြင်ဘက်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ပေမည်။ သူသည် တစ်ဖက်အသင်းက သူ့အား တုံ့ပြန်မှုကို လိုချင်ခဲ့သည်။

ဝေါလ်ခ်သည် သူ၏ သမားရိုးကျမဟုတ်သော ဦးဆောင်ဦးရွက် ချဉ်းကပ်ပုံဖြင့် Super Bowls ဖလားအတော်များများကို ဆွတ်ခူးရရှိခဲ့သည်။ သို့သော် သူလုပ်ကိုင်ခဲ့သမျှမှာ ဖန်တီးမှုနှင့် တန်ပြန်မှုအကြား အရေးပါသော ကွာခြားချက်အပေါ် လှုပ်ရှားလိုက်ခြင်းမျှသာ ဖြစ်သည်။

သင့်ဘဝက သင့်အစီအရင်ဖြစ်အောင် သင့်ကိုယ်ပိုင်အစီအစဉ်များ ကြိုတင်ဖန်တီးထားနိုင်သည်။

သင့်ဘဝသည် အချိန်တိုင်းပင်လျှင် ဖန်တီးချက်တစ်ရပ် သို့မဟုတ် တုံ့ပြန်ချက်တစ်ရပ်ဖြစ်သည်ဟု အတွေးပေါက်ထားလျှင် သင်သည် အစဉ်တစိုက် ဖန်တီးမှုနှင့် စီစဉ်မှုများ ပြုလုပ်ရန် သင့်ကိုယ်သင် သတိပေးနေနိုင်သည်။

Creation (ဖန်တီးမှု) နှင့် Reaction (တုံ့ပြန်မှု) တွင် ဗျည်းစကားလုံးများ အတူတူပင်ဖြစ်သည်။ ယင်းတို့သည် စာလုံးတစ်လုံးတွင် ပါရှိသော အက္ခရာများ နေရာပြောင်းရေးချခြင်းဖြင့် ဖြစ်ပေါ်သော စာလုံးအသစ်ပင်ဖြစ်သည်။ (ထို့ကြောင့်ပင် လူတို့သည် ထိုစကားလုံးတစ်လုံး၏ သဘာဝမှ နောက်တစ်လုံး၏ သဘာဝသို့ အလွယ်တကူ လျှောဝင်သွားခြင်း ဖြစ်ပေမည်)

ကျွန်တော်တို့သည် အခြေအနေများကို တုံ့ပြန်မှုပြုရုံမျှဖြင့် ရှင်သန်ရပ်တည်နေသည်ဟု ကိုယ့်ကိုယ်ကိုယ်ပင် မသိဘဲ ရက်ပေါင်းများစွာ ကုန်လွန်တတ်သည်။ ကျွန်တော်တို့သည် နာရီ၊ ရေဒီယိုမှလာသော သတင်းကို တုံ့ပြန်လျက် အိပ်ရာမှ နိုးလာသည်။

ထို့ကြောင့် ကျွန်တော့်ခန္ဓာကိုယ် ခံစားချက်များအရ တုံ့ပြန်မှုပြုသည်။ ထို့နောက် ကျွန်တော်တို့ အိမ်ထောင်ဖက် သို့မဟုတ် ကလေးများကို အလိုက်သင့် တုံ့ပြန်ဆက်ဆံမှုပြုသည်။

မကြာမတင်ကာလတွင် ကားပေါ်တက်ပြီး ယာဉ်များအလိုက် တုံ့ပြန်မှုပြုသည်။ ဟွန်းတီးသည်။ သင်္ကေတစကား အသုံးပြု၊ လက်ဖြင့် အချက်ပြမှုပြုသည်။ ထို့နောက် အလုပ်ထဲသို့ရောက်သောအခါ ကျွန်တော်တို့ ကွန်ပျူတာဖန်သားပြင်ထက်တွင် e-mail တစ်စောင်တွေ့ပြီး ယင်းကို တုံ့ပြန်ဆောင်ရွက်မှုပြုသည်။

ထုံအသော စားသုံးသူများနှင့် စာနာမှုမရှိသော အထက်အရာရှိများ ကျွန်တော်တို့နေ့တာထဲ ကျူးကျော်ဝင်ရောက်လာမှုကို တုံ့ပြန်လှုပ်ရှားမှုသည် အလုပ်နားချိန် နေ့လယ်စာစားစဉ် စားပွဲထိုးမလေးကို တုံ့ပြန်ဆက်ဆံမှုပြုရသည်။

ဤတုံ့ပြန်လှုပ်ရှားသောအကျင့်သည် နေ့တစ်စဉ်တိုင်း နိစ္စဓူဝ ဆက်လက်ဖြစ်သွားနေနိုင်သည်။ ကျွန်တော်တို့သည် ကျွန်တော်တို့ထံသို့ ထွေပြားများ အဆက်မပြတ် လွင့်ပျံ့လာသည့် ဘဝဟော်ကီကစားပွဲတွင် ဂိုးသမားများဖြစ်လာကြသည်။

ကျွန်တော်တို့ တခြားနေရာမှ ပြောင်းကစားချိန် တန်ပေပြီ။ ထွေပြားကို ရိုက်တံဖြင့်တွေ့လျက် နောက်ဂိုးတစ်ဂိုးသွင်းရန် အသင့်အနေဖြင့် ရေခဲပြင်ကို ကျွန်တော်တို့ တစ်ဟုန်ထိုးဖြတ်ပြေးရန် အချိန်တန်ပြီ။

ဖန်တီးမှုနှင့် တုံ့ပြန်မှု၏ ကွဲပြားခြားနားချက်များ အကြောင်း အလေးအနက် သုံးသပ်ထားသော၊ အသုံးဝင်သည့်စာအုပ်အချို့ကို ရေးသားခဲ့သော ရောဘတ်ဖရစ်သည် အောက်ပါအတိုင်း ဆိုညွှန်းပြခဲ့ဖူးသည်။

"ခင်ဗျားရဲ့ ဘဝကိုယ်နှိုက်က ဖန်တီးမှုဖြစ်စဉ်ရဲ့ ကိစ္စရပ်တစ်ခုဖြစ်လာဖို့ အင်မတန် ကွဲပြားခြားနားတဲ့ ဘဝအတွေ့အကြုံက ခင်ဗျားအတွက် ပွင့်လာမယ်။ အဲဒီပွင့်လာတဲ့ဘဝမှာ ခင်ဗျားဟာ အနှစ်သာရပြည့်ပြည့်နဲ့ ရှင်သန်ရပ်တည်ရမယ်"

ဘီလ်ဝေါလ်ခ်က သူ၏ဘောလုံးပွဲများကို ကြိုတင်စီစဉ်ထားခဲ့သကဲ့သို့ပင် သင်၏တစ်နေ့တာကို စီစဉ်ပါ။ သင်ကစားမည့်နည်းများဖြင့် ရှေ့ပွဲစဉ်များကို လှမ်းမျှော်ကြည့်ရှုပါ။ သင်သည် လောကကြီးအား သင့်ကို တုံ့ပြန်လာမှုပြုအောင် တိုက်တွန်းအားပေးရာရောက်နေမည်ဖြစ်သောကြောင့် သင့်ဘဝကို သင်အနှစ်သာရပြည့်ပြည့်လှမ်းနေရသည်ဟု ခံစားမိမည်။

သင်ထိုအချက်ကိုပြုရန် မရွေးချယ်ခဲ့ပါလျှင် သင်ရရှိသောဘဝသည် မတော်တဆဖြစ်တည်ချက်တစ်ရပ်ဖြစ်မည်မဟုတ်ချေ။

ရှေးဟောင်း ရဟူဒီလူမျိုးတို့ ဆိုရိုးစကားအတိုင်းပင် "ရွေးချယ်မှုတစ်ခုမပြုသူသည် ရွေးချယ်မှုတစ်ခု ပြုသည်ပင်"ဟု ဆိုရမည်။

Ref: It's my story by Steve Chandler

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၈၉ ဆူ | ၅၇၁ ဆူ |
| ၂။ | ခမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၃၉ ခန်း | ၄၁၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၉ တိုင် | ၂၁ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၉၉ တိုင် | ၈၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၈၈ ခု | ၅၆၄ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၂ ကျင်း | ၂၀၈၈ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၇ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၉၄ ကျင်း | ၁၆၄၂ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန်၊ ဆွမ်းပဒေသာပင် ဒါယိကာမကြီး

## ဒေါ်မြစိန် (သရက်)

### အသက်(၉၈)နှစ်

သရက်မြို့နေ (ဦးလှမောင်- ဒေါ်ကြင်)တို့၏သမီးလတ်၊ (ဦးစိန်-ဒေါ်စောရင်)တို့၏ သမီးချွေးမ၊ မကွေးမြို့နေ (ဗိုလ်ကြီးခင်တိုး)၏ဇနီး၊ ဦးအေးကို-ဒေါ်မာမာတိုး၊ ဒေါ်သင်းသင်းတိုး၊ ဒုတိယဗိုလ်မှူးကြီး ရန်နိုင်(ငြိမ်း)-ဒေါ်ဝင်းဝင်းတိုး၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ငြိမ်း)-ဒေါ်စဝ်နွန်းခွန်ဆမ်၊ ဦးလှညွန့်-ဒေါ်ခင်ထားထား၊ (ဦးစိုးမိုး)-ဒေါ်ခင်အေးကြွယ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ရှစ်ယောက်၊ မြစ် ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁-၅-၂၀၂၂ (တနင်္ဂနွေနေ့) ည ၈:၃၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၂၂ ရက် နံနက် ၁၀နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ပင့်သံဃာအရှင်သူမြတ်တို့ကို ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် ၅-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇသင်္ဂဟ အိမ်ရာ(၁)၊ ကျိုက်လတ်လမ်း၊ အမှတ်(၁၀၀၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

"တစ်ဘဝဇာတ်သိမ်းခန္ဓာငြိမ်းခြင်း"

## ဒေါ်ဩသဉာဏီ (သာယာဝတီ)

### သီလရှင်သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၈၆)နှစ်

သီလရှင် အဂ္ဂမဟာအကျော်သာသနဓဇ ဓမ္မာစရိယ

အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ

ရန်ကုန်မြို့၊ သာသနဟိတကာရီ ပရိယတ္တိစာမေးပွဲကြီး၏ အကျိုးတော်ဆောင်၊ သာယာဝတီမြို့နယ်၊ မြောက်ပန်းဆွဲရွာ၊ ခမည်းတော် ဦးထွန်းငြိမ်း-မယ်တော် ဒေါ်စိန်တင့်တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၄/ရပ်ကွက်၊ သုနန္ဒာလမ်းမ၊ မဏိရတနာသီလရှင် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက တိုက်တည် ဆရာကြီး ဒေါ်ဩသဉာဏီသည် (၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်) ၂၉-၄-၂၀၂၂ (သောကြာနေ့) ညနေ ၄:၁၀ နာရီတွင် တစ်ဘဝခန္ဓာဇာတ်သိမ်းချုပ်ငြိမ်းပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်) ၃-၅-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အားသိစေအပ်ပါသည်။(ကျောင်းတိုက်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

**မဏိရတနာဓမ္မမိသားစု**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀/က+ခ ၊ မြေကွက်အမှတ်-၁၉၈/၁၉၉၊ မြေကွက်တည်နေရာအမှတ်( ၈၉/၉၀ )၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် အမှတ်( ၂ ) စားသုံးသူ သမဝါယမအသင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် ၃.၄၄.စသ/ လှိုင်မြို့နယ်အမည်ပေါက် ပါမစ်မြေကွက် (၂)ကွက်အား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၉.၁.၉၃ ရက်စွဲဖြင့် လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ်( ၂ )စားသုံးသူ သမဝါယမအသင်းအမည်ဖြင့် ခွင့်ပြုထုတ်ပေးထားသည့် မြေချပါမစ်မူရင်း ၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူး၏ထောက်ခံချက်၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းလီမိတက် ထောက်ခံချက်၊ လှိုင်စိုးမိုး သမဝါယမအသင်းလီမိတက်၏ အစည်းအဝေးမှတ်တမ်းတို့တင်ပြ၍ လှိုင်စိုးမိုး သမဝါယမအသင်းလီမိတက် (ကိုယ်စား) ဥက္ကဋ္ဌ ဦးထွန်းကြည် (၁၂/လမန (နိုင်) ၀၁၂၂၁၅)မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍( ၇ )ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန်၊ ဆွမ်းပဒေသာပင် ဒါယိကာမကြီး

## ဒေါ်မြစိန်(သရက်)

### အသက်(၉၈)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ငြိမ်း)-ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏ ကျေးဇူးကြီးလှစွာသောမိခင်ကြီး ဒေါ်မြစိန်သည် ၁-၅-၂၀၂၂ (တနင်္ဂနွေနေ့) ည ၈:၃၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)**

**ပြည်ထဲရေးဝန်ကြီးဌာန**

---

# ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန်၊ ဆွမ်းပဒေသာပင် ဒါယိကာမကြီး

## ဒေါ်မြစိန်(သရက်)

### အသက်(၉၈)နှစ်

ဒုတိယဗိုလ်ချုပ်ကြီး ကိုကို(ငြိမ်း)-ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြစိန်သည် ၁-၅-၂၀၂၂(တနင်္ဂနွေနေ့) ည ၈:၃၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**

**ပြည်ထဲရေးဝန်ကြီးဌာန**

---

## သွေးသည် အသက်

---

အလွှာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဦးခင်မောင်တင့်(ခ)ဦးအီဆပ်

ဌာနခွဲမှူး၊ ဗဟိုပုံနှိပ်စက်ရုံ(ငြိမ်း)

### အသက်(၈၆)နှစ်

မြောင်းမြမြို့နေ (ဦးမောင်လေး-ဒေါ်ရှင်)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်(၂၅)၊ ငါးလွှာနေ [ဒေါ်မြစန်း(ခ)ဒေါ်နူရ်ဂျန်ဘီ]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ဦး(NAGA JAYA GLOBAL SDN BHD)-ဒေါ်မိမိအေး၊ ဒေါ်ခင်ခင်စန်း-(Captain မြင့်ငွေ)၊ ဒေါ်ညိုညိုစန်း-ဦးအောင်သက်ညွန့်(ခ)အောင်အောင်(အင်ကြင်း Coffee House)၊ ဦးအောင်နိုင် (AZIMUTH MYANMAR COMPANY LTD)-ဒေါ်သင်းသင်းလှ(ခ)မိချိုတို့၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဇေယျာလင်းထွန်း B.Sc (Computer Science) (California)၊ Dr.Pinky(ခ)မေမြတ်နိုးပွင့် (Manchester Royal Infirmary Hospital, UK)၊ မောင်ဇေယျာမင်းဇင်(Marine Engineer, Australia)၊ မအိမ့်ဟေမာန်ဦး(ခေတ္တ-UK)တို့၏ ချစ်လှစွာသောအဘိုးသည် ၂၇-၄-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၉:၅၆ နာရီတွင် အလွှာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၈-၄-၂၀၂၂(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးကာဗာရ်စတန်၌ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊

ဆွမ်းပဒေသာပင် ဒါယိကာမကြီး

## ဒေါ်မြစိန်(သရက်)

### အသက်(၉၈)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ငြိမ်း)-ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြစိန်သည် ၁-၅-၂၀၂၂(တနင်္ဂနွေနေ့) ၂၀:၃၅ အချိန်တွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

---

## ကပ္ပတိန်ဇော်ထွန်း(F.G)(ငြိမ်း)

D.S.A(10)(213)

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သပြေ(၁)လမ်း၊ အမှတ်(၁၁၉)နေ (ဦးစံရွှေ-ဒေါ်သိန်းကြွယ်)တို့၏သား၊ ကပ္ပတိန် ဦးဇော်သိမ်း-ဒေါက်တာ ဒေါ်ဝင်းတင့်၊ ဦးမျိုးအောင်-ဒေါ်သီတာဝန်းတို့၏အစ်ကို၊ ဗိုလ်ကြီးဇော်ထွန်းမြတ်(ငြိမ်း)၊ ဒေါ်သန္တာဇော်ထွန်းတို့၏ဖခင်သည် ၁-၅-၂၀၂၂ ရက် မွန်းလွဲ ၂:၄၅ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၃-၅-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးခိုင်မြတ်ကျော်(မော်ကျွန်း)

ညွှန်ကြားရေးမှူး(ငြိမ်း)စားသုံးသူရေးရာဦးစီးဌာန

အကြံပေးအရာရှိ(MITS)

### အသက်(၆၃)နှစ်

မော်လမြိုင်ကျွန်းမြို့နေ [ဦးထင်ကျော် (ကုန်သွယ်လယ်ယာ၊ ငွေစာရင်းမန်နေဂျာ-ငြိမ်း)]-ဒေါ်သောင်းမေတို့၏ သားကြီး၊ (ဦးမြင့်သန်း-ဒေါ်သိန်းမြင့်)တို့၏သားသမက်၊ မော်လမြိုင်ကျွန်းမြို့နေ ဦးစိုးထွန်းကျော်-ဒေါ်ကေသွယ်မိုး၊ (ဦးခင်မောင်ကျော်)-ဒေါ်ခင်အေးမြင့်၊ ရန်ကုန်မြို့နေ (ဦးတင်အုန်း)-ဒေါ်ပပကျော်၊ ဦးကျော်ဆန်းကျော်-ဒေါ်စတယ်လာသောင်းတို့၏အစ်ကိုကြီး၊ မခိုင်မွန်ကျော်၊ ဒေါက်တာခန့်ခန့်စုကျော်တို့၏ဖခင်၊ ဒေါ်မြမြသောင်း (သမဦးစီး-ငြိမ်း)၏ ခင်ပွန်း ဦးခိုင်မြတ်ကျော်သည် ၂-၅-၂၀၂၂ (တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၂ ရက် ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းရပါကြောင်း

မန္တလေးမြို့၊ (၆၈)လမ်း၊ (၃၂x၃၃)လမ်းနေ မောင်ကျော်ကျော်နိုင်၊ မချိုတင်ဝင်း၊ မယဉ်ယဉ်ကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ခင်စိန်၏ ချစ်လှစွာသောခင်ပွန်း ဦးကျော်ရင် အသက်(၅၄)နှစ်သည် ၁-၅-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၆:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသောကြောင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုသားကြီး**

**မန်းရွှေပြည်မိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စက်လွမ့်(မန္တလေး)

### အသက်(၉၅)နှစ်

ငယ်သူငယ်ချင်း ဒေါ်ခင်မေဟန်၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်စက်လွမ့်သည် ၂-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၄:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၈)မန္တလေးမှ**

**ငယ်သူငယ်ချင်းများ**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်အေး

ဌာနခွဲမှူး(ငြိမ်း)၊ ဗဟိုပစ္စည်းထိန်းဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၅၁)၊ ကျားကွက်သစ်လမ်း၊ ကျားကွက်သစ်ရပ်ကွက်နေ (ဦးသိန်းဖေ-ဒေါ်အေးကြည်)တို့၏သား၊ မောင်ရဲမင်းဇော်၊ မဖူးပွင့်ဖြူတို့၏ မွေးသဖင်ကျေးဇူးရှင်၊ ဒေါ်သင်းသင်းဆွေ၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၅-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်

---

## အထူးဝမ်းနည်းရပါကြောင်း

မန္တလေးမြို့၊ (၆၈)လမ်း၊ ၃၂x၃၃လမ်းနေ မောင်ကျော်ကျော်နိုင်၊ မချိုတင်ဝင်း၊ မယဉ်ယဉ်ကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ခင်စိန်၏ ချစ်လှစွာသောခင်ပွန်း ဦးကျော်ရင် အသက်(၅၄)နှစ်သည် ၁-၅-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၆:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသောကြောင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတိုးတိုး-ဒေါ်သက်မာဦး**

**(မိသားစု)**

**၃၅လမ်း၊ ၆၀x၆၁ကြား၊ A-7 Car Showroom**

---




---

**ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/တောင်)၊ မြေကွက်အမှတ် (၁၁၇၀/က+ခ+ဂ)၊ ဧရိယာ(၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၁၁၇၀)ဟုခေါ်တွင်သည့် မြေကွက် အဆောက်အအုံ အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါမြေကွက်နှင့် အဆောက်အအုံကို တရားဝင် ပိုင်ရှင်ဖြစ်သူ **ဒေါ်စန်းစန်းမြင့် [၁၂/သလန(နိုင်)၀၆၅၅၄၅]**၏ ပြည်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-**၀၁၈/၂၀၂၂** ရရှိသူ သားဖြစ်သူ **ဦးဝဏ္ဏမောင်မောင် [၁၄/ပသန(နိုင်)၂၀၀၄၈၅]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**

**LL.B, D.B.L, DML, DIL, DLP, WIPO (Switzerland)**

**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766 HP: 09-5017044**

---

**ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်(သုဝဏ္ဏ)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ မြေကွက်အမှတ် (၂၉၃/၂)၊ ဧရိယာ(၀.၀၆၄)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သင်္ဃန်းကျွန်းမြို့နယ်၊ ၂၃-ရပ်ကွက်၊ ကံကော်မြိုင်လမ်း၊ အမှတ်(၂၁/၂)ဟုခေါ်တွင်သည့် မြေကွက်အဆောက်အအုံ အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါမြေကွက်နှင့် အဆောက်အအုံကို တရားဝင် အမည်ပေါက်ပိုင်ရှင် ကွယ်လွန်သူ **ဦးဖေညွှန့်[၁၂/သဃက(နိုင်)၀၁၂၇၃၆]**၏ ဇနီးဖြစ်သူ **ဒေါ်သန်းတင့် [၁၂/သဃက(နိုင်)၀၁၃၁၆၈]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**

**LL.B, D.B.L, DML, DIL, DLP, WIPO (Switzerland)**

**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766 HP: 09-5017044**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီနှစ်ဟာ စိန်ရတုလွတ်လပ်ရေးနေ့ရဲ့ အကြိုနှစ်ဖြစ်ပါတယ်။ ဒါ့ကြောင့် လွတ်လပ်ရေးရဲ့အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေးရဲ့အနှစ်သာရများ အပြည့်အဝခံစားရစေဖို့ ကျွန်တော်တို့အားလုံး အစွမ်းကုန်ကြိုးစားကြရပါဦးမယ်။ ဒါ့ကြောင့် ဒီနှစ်ကို ငြိမ်းချမ်းရေးနှစ်လို့ သတ်မှတ်ပြီး တစ်နိုင်ငံလုံးငြိမ်းချမ်းသာယာမှုရှိစေရေး အစွမ်းကုန်ကြိုးစားနေပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားခဲ့သည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

# ဘိုးဘေးဘီဘင်များ အနှစ်နှစ်အလလ ထူထောင်တည်ဆောက်ခဲ့ရသော နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲနေရန် မိမိတို့နှင့်သက်ဆိုင်သည့် လုံခြုံရေးဆိုင်ရာ အသိ၊ သတိများဖြင့် မဆုတ်မနစ်ဆောင်ရွက်

**နေပြည်တော် မေ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ ယနေ့တွင် ခမောက်ကြီး၊ ဘုတ်ပြင်းနှင့် ကျွန်းစုတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျွန်းစုတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



## ဘောလုံးအကယ်ဒမီသုံးခုအတွက် လူရွေးပွဲများ ကျင်းပမည်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဖွင့်လှစ်လျက်ရှိသည့် ဘောလုံးအကယ်ဒမီသုံးခုအတွက် လူရွေးပွဲများကို ယခုလအတွင်း ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)၊ မြန်မာဘောလုံးအကယ်ဒမီ(ပုသိမ်)နှင့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)တို့အတွက်

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ○

## မလေးရှားနိုင်ငံခြားရေးဝန်ကြီးက အာဆီယံအား အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် အလွတ်သဘောထိတွေ့ဆက်ဆံရန် အဆိုပြုချက်အပေါ် မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချ

၂၀၂၂ ခုနှစ်၊ မေလ ၁ ရက်ထုတ် မလေးမေးလ် သတင်းစာတွင် "မလေးရှားနိုင်ငံခြားရေးဝန်ကြီးက အာဆီယံအား အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် အလွတ်သဘောထိတွေ့ဆက်ဆံရန် အဆိုပြုသွားမည်ဖြစ်ကြောင်း"ဖော်ပြပါရှိသည့် သတင်းဆောင်းပါးကို နိုင်ငံခြားရေးဝန်ကြီးဌာနက တွေ့ရှိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ■

**ယနေ့ ဖတ်စရာ**

**အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၄၄ သန်းကျော် ရှိလာ**

စာမျက်နှာ » ၁၃

**စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့မှ အပြစ်မဲ့ပြည်သူ အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ကာ ရက်စက်စွာသတ်ဖြတ်**

စာမျက်နှာ » ၁၅